# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 14 June 2025 ၁၁၈၄၈


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစုံကေ ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ဧက ၁၀၀၀၀ ကျော်အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံစိုက်ဧက ၁၄၀၃၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစေရန်အတွက် ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံစိုက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆

## တပ်ကုန်းမြို့နယ်၌ နှမ်းစိုက်ဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုး

တပ်ကုန်း ဇွန် ၁၃

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် နှမ်းစိုက်ပျိုးရာသီတွင် နှမ်း ၁၂၁၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ နှမ်းစိုက်ဧက ၁၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ ဆီထုတ်လုပ်မှု တိုးတက်ရေးနှင့် နှမ်းစိုက်တောင်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး အရည်အသွေးကောင်း နှမ်းမျိုးများ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍




**ယနေ့ ဖတ်စရာ**

**အဝေးဆုံးရောက်နေသော အနီးဆုံးလူသားများ မဖြစ်ရလေအောင် ...**
ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ပပို့ကုန် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု နှစ်ဆတိုးမြှင့်နိုင်ရေး၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေးကြိုးပမ်း**
စာမျက်နှာ » ၁၀

**အစ္စရေးတပ်ဖွဲ့က အီရန်အား တိုက်ခိုက်**
စာမျက်နှာ » ၁၃





ကြေးမုံ

# ဥပဒေ၊ စည်းကမ်းလေးစားလိုက်နာသည့် အသိုက်အဝန်းပေါ်ထွန်းရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် ဂုဏ်သိက္ခာရှိသော နိုင်ငံဖြစ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် အများပြည်သူ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံသားအားလုံးက လေးစားလိုက်နာကြရသည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်အတွက် ဥပဒေဆိုင်ရာအကြောင်းအရာများကို သိရှိထားရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှုများသည် ဥပဒေ၊ စည်းကမ်းများကို သိလျက်နှင့် ဖောက်ဖျက်နေမှုများထက် ဥပဒေ၊ စည်းကမ်းများကို မသိနားမလည်ဘဲ ဖောက်ဖျက်ကျူးလွန်မှုများနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်း ဥပဒေ၊ စည်းကမ်းများကို နားလည်လိုက်နာတတ်စေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပဒေ၊ စည်းကမ်းများလိုက်နာရန်အတွက် ငယ်ရွယ်စဉ်ကာလကတည်းက အလေ့အကျင့်ကောင်းများ ဖန်တီးပေးထားရန်လိုသည်။ လောကတွင် အဟောင်းပြင်ခြင်းထက် အသစ်တည်ဆောက်ခြင်းမှာ ပိုမိုကောင်းသည်ကိုတွေ့ရသည်။

ထို့ကြောင့် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားစဉ်အချိန်၌ ကိုယ်ကျင့်တရားကောင်းမွန်သော၊ စည်းကမ်းဥပဒေလိုက်နာတတ်သော အလေ့အထကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ကလေးသူငယ် ကျောင်းသား ကျောင်းသူလေးများကို ကျောင်းသင်ပညာရပ်များသာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုသည်။ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးသွားရမည်ဖြစ်သည်။

တစ်ဖက်တွင် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း အားနည်းသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့လျက်ရှိသည်။ ထို့ကြောင့် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားရန်နှင့် လေးစားလိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန်လိုမည်ဖြစ်သည်။ ဤတွင် အဂတိလိုက်စားမှုသည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ရန်အတွက် အဓိကတွန်းအားဖြစ်နေသည်ကို သတိပြုရန်လိုသည်။

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသည် လိုက်နာကျင့်သုံးရမည့် ပြည်သူများအတွက်ရော ကြပ်မတ်ထိန်းကျောင်းရမည့် သက်ဆိုင်သူများတွင်ပါ တာဝန်ရှိပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေချိန်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသဖြင့် ဒီမိုကရေစီစနစ်၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်သူများအားလုံး သိရှိလိုက်နာရန်လိုအပ်သဖြင့် ဌာနဆိုင်ရာများအားလုံးတွင် ဥပဒေဆိုင်ရာသင်တန်းများ မဖြစ်မနေ တက်ရောက်သင်ကြားစေခဲ့သည်။ အလားတူ အခြေခံပညာကျောင်းများတွင်လည်း ဥပဒေဆိုင်ရာများကို သင်ကြားပေးလျက်ရှိသည်။

အခြေခံပညာကျောင်းများတွင် တက္ကသိုလ်ဝင်တန်းအဆင့် KG + 12 ကျောင်းသား ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများသိရှိစေရေး သင်ကြားပေးလျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေအစရှိသည့် ကျောင်းသား ကျောင်းသူအရွယ်များသိရှိနားလည်ရန်လိုအပ်သော ဥပဒေများကို သင်ကြားပေးခြင်းဖြစ်သည်။ KG + 12 ကျောင်းသား ကျောင်းသူများသည် အသက် ၁၆ နှစ်မှ ၁၈ နှစ်အရွယ်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်ရန် သင်ကြားပေးခြင်းသာဖြစ်ပြီး ဥပဒေနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုနေခြင်းမဟုတ်သည်ကို နားလည်ထားရမည်ဖြစ်သည်။

အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် လေ့ကျင့်သင်ကြားခြင်းနှင့် သင်ကြားပြသသူများဖြစ်အောင် သင်တန်းများပေးလျက်ရှိသည်။ ထိုမှတစ်ဆင့် KG + 11 နှင့် KG + 10 ကျောင်းသား ကျောင်းသူများကိုလည်း ဥပဒေနှင့်ပတ်သက်သည့် အခြေခံများကို သိရှိနားလည်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်သည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်အသီးသီးတွင်လည်း ဒီမိုကရေစီ၏အခြေခံဖြစ်သည့် ဥပဒေကို သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များ ရှိစေရန်အတွက် ဥပဒေနှင့် စီးပွားရေးဆိုင်ရာဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဥပဒေ၊ စည်းကမ်းများသည် နိုင်ငံဖွံ့ဖြိုးရေးနှင့် အဆင့်အတန်းဂုဏ်ဒြပ်မြင့်မားရေးအတွက် အထောက်အပံ့ကောင်းများဖြစ်၍ သက်ဆိုင်ရာနယ်ပယ်များအလိုက် ဥပဒေကိုလေးစားလိုက်နာသူ၊ ထိန်းကျောင်းကြပ်မတ်သူများဖြစ်အောင်၊ နိုင်ငံအနာဂတ်အတွက် စည်းကမ်းပြည့်ဝသော အလေ့အကျင့်ကောင်းများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁၃ ရက်အထိ သေဆုံးသူ ၃၇၄၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၇ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇွန် ၁၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Yar Zar Min Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YUTONG T13E နှင့် YUTONG U12 အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ၁၃ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၆၀၀ | ၃,၉၆၀,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၂,၁၀၀ | ၆,၂၂၀,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၄၀၀ | ၁၂ | ၈၈,၆၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၅,၃၇၂ | ၉,၉၁၉,၆၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၆၅၀ | ၁,၈၅၂,၅၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၈၅၀ | ၁,၃၆၂,၅၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၃၄ | ၁၃၄,၃၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၀၀ | ၅၀၃ | ၁,၅၃၆,၈၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်

## ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် အလင်းဆောင်သောအကျိုးကျေးဇူးကို ရရှိနိုင်မည်

ရန်ကုန် ဇွန် ၁၃

(၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် Park Royal ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ သုတစွယ်စုံစာပေဆုရပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် သုတစွယ်စုံစာပေ ဆုချီးမြှင့်ပွဲတွင် ဆုရရှိသော ပုဂ္ဂိုလ်များအတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ကောင်းတာကို စဉ်းစား၍ ကောင်းတာကို လုပ်ဆောင်နိုင်ရန် စာပေဖတ်ရှုမှုများ လိုအပ်ပြီး ကြားလူနောက်ပါက သွေးကွဲနိုင်၍ ယနေ့လိုကာလတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းမှု မရှိစေရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဂါရဝေါစ နိဝါတောစ မင်္ဂလာတရားများ သိရှိနိုင်ရန်နှင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် စာပေဖတ်ရှုရန် လိုအပ်ပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကို တန်ဖိုးထားမြတ်နိုးသူတစ်ဦးဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များစာပေဖတ်ရှုရန် အစဉ်တိုက်တွန်းလျက်ရှိပါကြောင်း။

နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလို ဆုချီးမြှင့်ခြင်း ဖြစ်ပါကြောင်းနှင့် ကလောင်စွမ်းအားဖြင့် တိုင်းပြည်ငြိမ်းချမ်းပြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် သုတစွယ်စုံစာပေ အလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင် စွယ်စုံမီဒီယာဂရု၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်း အကြောင်းရင်း၊ ဆုရွေးချယ်ပုံ အဆင့်ဆင့်၊ ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သုတစွယ်စုံစာပေဆုရရှိကြသည့် စာပေပညာရှင် ၁၂ ဦး၏ စာအုပ်သမိုင်းအကျဉ်းတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုတစွယ်စုံ တစ်သက်တာ စာပေဆုရရှိသော ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံစာပေဆုရရှိသော ဆရာနိုင်ဇော်(ရည်ညွှန်းစာပေ)နှင့် ဗိုလ်အေးမြင့်ကြူ (အတ္ထုပ္ပတ္တိစာပေ)တို့အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သိန်းထွန်း(မြဝတီ)(သုတ-ဝိဇ္ဇာ) နှင့် ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာရေး)(အသုံးချသိပ္ပံ)တို့အား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ကျော်ကျော်လှိုင်(သုတ-ဝိဇ္ဇာ)အား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက နေဇင်လတ် (ဘာသာပြန်စာပေ)၊ မောင်ခေတ်ထွန်း(စာပဒေသာ)၊ ဟိန်းလတ် (အတ္ထုပ္ပတ္တိစာပေ)၊ ဒေါက်ထွေး (ဆေး/မန်း) (စာပဒေသာ)၊ ကျော်ညွန့်ရည်(သုတ - ဝိဇ္ဇာ)နှင့် ပါမောက္ခဒေါက်တာမြသိန်းဟန် (အသုံးချသိပ္ပံ)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သုတစွယ်စုံစာပေ အလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင် စွယ်စုံမီဒီယာဂရု၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ပြန်ကြားရေးဝန်ကြီးဌာန၏ လျှော်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၅၀ အား ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၂၀ အား စာကြည့်တိုက်မှ တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သုတစွယ်စုံစာပေဆုရရှိသော ဆရာမောင်ခေတ်ထွန်း၊ ဆရာဟိန်းလတ်နှင့် ဒေါက်တာခင်မောင်ညိုတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၆၂ သိန်းကို ပေးအပ်ထောက်ပံ့သည်။ ယနေ့အခမ်းအနားတွင် သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် ငွေကျပ် ၃၇ သိန်းနှင့် သုတစွယ်စုံစာပေဆုအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိပုဂ္ဂလိကရုပ်သံလုပ်ငန်းဖြစ်သော Skynet DTH ရုပ်သံလုပ်ငန်းသို့ ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ Senior Chair Women ဒေါ်နန်းမောက်လောင်စိုင်းက Skynet DTH စတင် တည်ထောင်ခဲ့မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဦးစွာရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက "ပြည်သူ့အတွက် စကိုင်းနက်" ဆောင်ပုဒ်နှင့် အညီ ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်သော မီဒီယာလုပ်ငန်းကြီးဖြစ်၍ သက်ဆိုင်ရာ မီဒီယာဥပဒေများ၊ Update ညွှန်ကြားချက်များ၊ မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်နှင့် ကုမ္ပဏီမှ Managing Director ဦးမင်းမင်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စတူဒီယိုများအတွင်း ရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တာမွေမြို့နယ် ရွှေထွဋ်တင်ဝင်းအတွင်းရှိစတူဒီယိုများသို့ သွားရောက်ကြရာ ဒေါ်နန်းမောက်လောင်စိုင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြကြပြီး ရိုက်ကူးရေးလုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။ ရွှေသံလွင်မီဒီယာကုမ္ပဏီသည် Skynet DTH အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ DVB-T2 Free To Air ထုတ်လွှင့်မှုတွင်လည်း MNTV Channel နှင့် Channel 9 ထုတ်လွှင့်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MITV Channel တို့အပြင် ရွှေ FM နှင့် MIR ရေဒီယိုလုပ်ငန်းကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သုတစွယ်စုံတစ်သက်တာစာပေဆုရ ဒေါက်တာခင်မောင်ညိုအား ဆုပေးအပ်ချီးမြှင့်စဉ်။

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ရုံးများ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**စုပေါင်းစိုက်ပျိုး**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲကို လျှော်ဒဏ်သင့် ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး ဆောက်လုပ်ပေးထားသော ဘာရာလိုင်းခန်းများနှင့် Prefabri-cated Modular House ဝန်ထမ်းလိုင်းခန်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ အရိပ်ရနှစ်ရှည်ပင်များနှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲသို့လည်းကောင်း၊ လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲသို့ လည်းကောင်း၊ လယ်ဝေးမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲသို့ လည်းကောင်း တက်ရောက်ပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့်အတူ အရိပ်ရနှစ်ရှည်ပင်များနှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

**သတ်မှတ်နေရာများ၌ စိုက်ပျိုး**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် လယ်ဝေးမြို့နယ် သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၌ ကြီးမြန်သစ်ပင် ပြည်လုံးချမ်းသာပင် ၅၀၀၊ ကျွန်းပင် ၁၄၀၊ ပျဉ်းကတိုးပင် ၁၅၀၊ စိန်ပန်းပင် ၂၀၊ ခရေ ၃၃ ပင်၊ ငုရွှေဝါပင် ၄၀၊ မဲဇလီပင် ၂၀၊ ကံ့ကော်ပင် ၁၀ ပင်နှင့် အခြားအရိပ်ရပင် ၁၂ ပင် စသည့် အရိပ်ရနှစ်ရှည်ပင် အမျိုးအစား ၁၀ မျိုး ပျိုးပင်စုစုပေါင်း ၉၂၅ ပင်ကို လည်းကောင်း၊ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် တပ်ကုန်းမြို့နယ် အေးချမ်းသာခေတ်မီစံပြကျေးရွာ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမာ၊ ကုက္ကို၊ မန်ကျည်း၊ ကြိမ်ရိုး၊ မဲဇလီ၊ ကံ့ကော်၊ ခရေ စသည့် အရိပ်ရနှစ်ရှည်ပင် အမျိုးအစား ၁၇ မျိုး၊ ပျိုးပင်စုစုပေါင်း ၁၄၉၃ ပင်ကို လည်းကောင်း၊ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် အရိပ်ရနှစ်ရှည်ပင်နှင့် အလှပန်းပင်စုစုပေါင်း ၈၅၃ ပင်ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ် ပညာ့ရိပ်သာအတွင်း၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မုံရွာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာတက္ကသိုလ် ပညာ့ရိပ်သာအတွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စတင်စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စိုက်ပျိုး**

ယခုကျင်းပသည့်မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုး ၁၄ မျိုး စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)






# ဒိုက်ဦးမြို့၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲ ကျင်းပ

ဒိုက်ဦး ဇွန် ၁၃

ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးမင်းကျော်ဥာဏ်ခိုင်နှင့် ထက်/လယ် /မူကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများပူးပေါင်း၍ အမှိုက်ခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ကျောင်းသား ကျောင်းသူများ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက် ခွဲခြားစွန့်ပစ်သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး စနစ်တကျအမှိုက်ခွဲခြား စွန့်ပစ်သည့် ကျောင်းသား ကျောင်းသူများအား မုန့်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ကျော်ကျော်(ပြန်/ဆက်)

# ဘိုကလေးမြို့နယ်၌ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကူညီကယ်ဆယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

ဘိုကလေး ဇွန် ၁၃

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ်၌ သဘာဝဘေးများကျရောက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပွားပါက ရှာဖွေ ကူညီကယ်ဆယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်း၌ ဘိုကလေးမြို့နယ် ချုံကြည်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။



ဇာတ်တိုက် လေ့ကျင့်ရာတွင် မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ဒဏ်ရာရလူနာအား အရေးပေါ်ရှေးဦးသူနာပြုစုခြင်း၊ လူနာအား သယ်ယူခြင်း၊ ကြိုးဖြင့်ချိတ်ဆွဲကယ်တင်ခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိလူနာအား ရှာဖွေကယ်ဆယ်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ် မီးသတ်ဦးစီးဌာနက ဇာတ်တိုက်လေ့ကျင့်မှုအပြီးတွင် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများကို အခမ်းအနား တက်ရောက်ကြသူများအား ခင်းကျင်းပြသ၍ သုံးစွဲနည်းများကို အသိပညာပေး ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



# မိုင်းနောင်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုင်းနောင် ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ ၂၀၂၅ ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သမိုင်းဝင်နန်းခမ်းပဲ စေတီတော်တွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အခမ်းအနားတွင် အမှတ်(၂)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဦးစီး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး နိုင်ဝေအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀ က ပျိုးပင်များစုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မနန်း(မိုင်းနောင်)

# “စိန်ရတု မြန်မာ – တရုတ် ချစ်ကြည်ရေး” တေးဂီတဖျော်ဖြေပွဲ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် ဧည့်သည်တော်များ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ရန်ကုန် ဇွန် ၁၃

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်ပြည့်မြောက်မှု ဂုဏ်ပြုအစီအစဉ်အဖြစ် “စိန်ရတု မြန်မာ-တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲ”ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီစဉ်ကျင်းပသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း၊ တရုတ်-မြန်မာ ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တရုတ်နိုင်ငံမှ လာရောက်လုပ်ကိုင်နေကြသည့် စီးပွားရေးကုမ္ပဏီများ၊ သီးခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီးလူငယ်စင်တာမှ လူငယ်များနှင့် ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီးက ရေကင်းတီးလုံးဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီး၊ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ MRTV နှင့် ပြင်ပတေးသံရှင်စုစုပေါင်း ၁၁ ဦးတို့က မြန်မာ-တရုတ်နှစ်ဘာသာဖြင့် တေးသီချင်းများကို တေးသရုပ်ဖော်အကများနှင့် တွဲဖက်၍ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(CECCM) မှ ဥက္ကဋ္ဌ Mr. Liu Ming က လျှော်ဘေးဒဏ်ထိခိုက်ခံခဲ့ရသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘီလပ်မြေအိတ် ၁၅၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ယင်းနောက် တေးဂီတဖျော်ဖြေပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သံအမတ်ကြီး မစ္စ မာကျားတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ စိန်ရတု မြန်မာ-တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲတွင် နာမည်ကြီး မြန်မာ၊ တရုတ် တေးသီချင်းကောင်းများကို ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များကလည်း လိုက်ပါ၍ သံပြိုင်သီဆိုအားပေးကြသကဲ့သို့ MRTV မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးခိုင်မြဲမှုကို ပိုမိုရင်းနှီးနွေးထွေးမှုဖြစ်စေပြီး မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်းအမှတ်စဉ် (၃) ဖွင့်လှစ်



ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က သင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေ၊ သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ မိတ်ဆက်စကား ပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းကို အပတ်စဉ် သောကြာနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဆရာများဖြစ်သည့် ဆရာဦးခင်မောင်ဇော်က International Relations ဘာသာရပ်၊ ဆရာဦးသိုက်ထွန်းက Broadcasting Media ဘာသာရပ်၊ ဆရာ ဦးမင်းမြတ်စိုးမိုးက App.Monetisation ဘာသာရပ်၊ ဆရာဒေါက်တာ တင်အောင်က Media Counter ဘာသာရပ်တို့ကို သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)အား ခေတ္တပိတ်ထားမည်

ရန်ကုန် ဇွန် ၁၃

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပြီး ဇူလိုင် (၁၉)ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက် လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ပွင့်ဖြူမှ**

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ပြီး ဒီနေ့ထိ သီးနှံစုံစိုက်ဧက ၁၃၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးကြဖို့နဲ့ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေကို အသိပညာပေးတာတွေ၊ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယနေ့အထိ ဖူးစားပြောင်း ၄၁၃ ဧက၊ မိုးပဲတီစိမ်း ၆၂၃၉ ဧက၊ ဆီထွက်သီးနှံ ၃၁၁၆ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ အခြားစားသုံးသီးပင် ၂၅၉၅ ဧက၊ ပရဆေး ၂၅၇ ဧက၊ ကျွဲနွားတိရစ္ဆာန် အစာပင် ၃၇၇ ဧက၊ စားသုံးခြင်းမပြုသီးနှံ ၆၁၅ ဧက၊ အထွေထွေစားသုံးသီးနှံ ၄၆ ဧက စုစုပေါင်း မိုးသီးနှံစုံ ဧက ၁၃၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

❍ **ရွှေဖုံးမှ**

တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆီထုတ်လုပ်မှုတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းနှင့် ပူးပေါင်း၍ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဆည်ရေများ အကျိုးရှိစွာအသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းပြီး လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေး စီမံဆောင်ရွက်ခြင်း၊ ခေတ်မီစက်ကိရိယာများ သုံးစွဲလာနိုင်ရေး ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာပေးများ ဟောပြောခြင်း၊ သီးနှံများတွင် ဖြစ်ပွားတတ်သော ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရန် နည်းပညာပေးဟောပြောခြင်း စသည့်စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**



# ကြံခင်းမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

ကြံခင်း ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ရေယာဉ်ခရီးသွားပြည်သူများနှင့် မြစ်ချောင်းများအနီးရှိပြည်သူများအား မြို့မရပ်ကွက် နန်းဦးဆိပ်ကမ်းတွင် ရေယာဉ်ခရီးသွားပြည်သူများကို ယနေ့နံနက်ပိုင်းက Life Jacket ဝတ်ဆင်ခြင်းအကျိုးကျေးဇူးများနှင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသက်ပိုင်စိုးနှင့် သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်၊ နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်နိုင်ရန် Life Jacket ဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# အဝေးဆုံးရောက်နေသော အနီးဆုံးလူသားများ မဖြစ်ရလေအောင် ...

သဲဟန်(ဘန်ကောက်)

**ဤစာစုသည် ကြင်နာခြင်းတွေဝေး၊ စာနာခြင်းတွေဝေး၊ ဆင်ခြင်တုံတရားတွေဝေး၊ လူဆန်သော နှလုံးသားတွေဝေး၊ ဟိုးအဝေးကြီးဆီ ရောက်နေကြသော အနီးဆုံးလူသားများအတွက် အလင်းတစ်စက်၊ အလင်းတစ်ကွက်ဖြစ်စေသား၊ ခွန်အားတစ်ခု ဖြစ်စေသား၊ လူသားဆန်သော လူသားများ ဖြစ်စေသား။**

*****

စိတ်တွေကလည်း ဟိုရောက်ဒီရောက်၊ ကယောင်ချောက်ချားတွေဖြစ်။ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ရင်ထဲကတင်းကျပ်မှုဟာ တစ်စုံတစ်ခုကို ဖောက်ခွဲဖျက်ဆီးပစ်ချင်လောက်အောင် ပြင်းအားတွေ၊ ပူလောင်မှုတွေနဲ့ ဖျက်လိုဖျက်ဆီးလုပ်ချင်လာတဲ့ စိတ်ခံစားမှု၊ ပြင်းပြသော ဖွဲမီး၊ လောဘလား၊ မောဟလား၊ ဒေါသလား ဝေခွဲမရ ၊ Destructive Emotion ဆိုတာ ဒါလား၊ မဟုတ်သေးပါဘူး။

> ❀ **တရားအားထုတ်ခြင်းဟာ လူကိုကျန်းမာစေတယ်။ စိတ်ကို အသိနဲ့ သတိ ကပ်ကြည့်နိုင်ခြင်းအားဖြင့် မလိုလားအပ်တဲ့ အစွန်းထွက် ဒေါသ၊ လောဘတွေကို တည်တည်ငြိမ်ငြိမ် ထိန်းချုပ်နိုင်လာတယ်။ ကိုယ်ချင်းစာနာမှု၊ သည်းခံနိုင်မှု၊ လောကဓံကိုခံနိုင်မှု ရှိလာတယ်။ ပူလောင်ဒေါသထွက်နေတဲ့ စိတ်ခံစားမှုတွေ ဆိုးဆိုးရွားရွားဖြစ်မသွားအောင် မိမိစိတ်ကို မိမိကိုယ်တိုင် နိုင်နိုင်နင်းနင်း ပဲ့ကိုင်နိုင်လာတယ်**
>
> ❀ **စိတ်ဓာတ်ကျမှု၊ စိတ်ကျရောဂါ၊ စိတ်ပူပင်သောကပူဆွေးမှု၊ စိတ်ဂနာမငြိမ်မှု၊ စိတ်ရောဂါအဆင့်တိုင်းကို ကုသပေးနိုင်တဲ့ ဗုဒ္ဓရဲ့တရားဆေးကို ဒီကနေ့ ဆေးသိပ္ပံကုထုံးအနေနဲ့ အထောက်အထား ခိုင်ခိုင်မာမာပြနိုင်ခဲ့**

ဟိုတုန်းက ဖတ်မှတ်ခဲ့ဖူးတဲ့ စိတ်ပညာစာအုပ်တွေက တံခါးလာခေါက်နေတာလား။ ဒါရောဂါလား၊ အိပ်မက်ဆိုးလား၊ တကယ်ကြီးလား ဘာတွေမှန်း မသိတော့ပါ။

စိတ်အစဉ်ဟာ ကျန်းမာရေးအပေါ် တန်ပြန်သက်ရောက်မှုရှိတာကို နောက်ဆုံးပေါ် ခေတ်မီသိပ္ပံစမ်းသပ်တွေ့ရှိချက်တွေက အထောက်အထား အခိုင်အမာ သာဓကေပြနိုင်လာခဲ့ပါပြီ။

WINCONSIN တက္ကသိုလ်မှ ဦးနှောက်နှင့် အာရုံကြောပညာရှင် Dr. RICHARD DAVIDSON နဲ့ သူ့ဆေးပညာအဖွဲ့ဟာ ၂၀၀၂ ခုနှစ်မှာ အနည်းဆုံး နာရီတစ်သောင်းကနေ နာရီငါးသောင်းအထိ တရားအားထုတ်ခဲ့ဖူးတဲ့ အရှေ့တိုင်းသားဘုန်းတော်ကြီး ရှစ်ပါးကိုပင့်ပြီး နောက်ဆုံးပေါ် ခေတ်အမီဆုံး နည်းပညာ FMRI (Functional Magnetic Resonance Imaging) နဲ့ ဦးနှောက်ကို ခွဲစိတ်ခန်းစမ်းသပ်မှု ပြုလုပ်ခဲ့ပါတယ်။ ဒီဘုန်းတော်ကြီး ရှစ်ပါးကို တရားအားထုတ်နည်းမျိုးစုံ၊ မိမိနှစ်သက်ရာကို အားထုတ်နေစေခဲ့ကာ အားထုတ်နေတဲ့အချိန်မှာ FMRI ရိုက်ပြီး ဦးနှောက်ကို စူးစမ်းလေ့လာခဲ့တယ်။

ပထမတစ်ကြိမ်စက်က နှိုးစက် Alarm မြည်ပြီး ရပ်သွားပါတယ်။ ဒုတိယအကြိမ်လည်း ဒီအတိုင်း နှိုးစက်သံမြည်လာပါတယ်။ ဒါကြောင့် စက်ကို ပုံမှန်ထက်မြှင့်ပြီး ပြန်ချိန်းရပါတယ်။ တရားအားထုတ်နေချိန်မှာ ဆိုင်ရာဦးနှောက်အစိတ်အပိုင်းမှာ လျှပ်စီးကြောင်းကြိမ်နှုန်း အလွန်မြင့်တက်သွားလို့ပါ။ တရားအားထုတ်နေတဲ့ ဦးနှောက်ဟာ Gamma လှိုင်းလို့ခေါ်တဲ့ အမြင့်ဆုံးနဲ့ အမြန်ဆုံးလှိုင်းတွေ မြင့်တက်လာပြီး တရားအားထုတ်ခြင်းကနေ ရပ်လိုက်တဲ့အခါ ဒီလှိုင်းတွေက ပြန်ကျသွားတာတွေ့ကြပါတယ်။ တရားအားထုတ်ဖူးခြင်းမရှိတဲ့ သာမန်လူတစ်ယောက်ဆိုရင် စက်က Alarm အသံမြည်လာရင် စိတ်တွေ ထိန်းမနိုင်သိမ်းမရနဲ့ တချို့ ရူးတောင်ရူးတယ်လို့ ဆိုပါတယ်။

ဗုဒ္ဓရဲ့ တရားရှုမှတ်၊ ဘာဝနာပွားများနေတဲ့၊ ဆင်ခြင်တုံတရားဖြစ်နေတဲ့ ဦးနှောက်မှာ ဦးနှောက်ရဲ့ အစိတ်အပိုင်းတွေ ဘယ်လိုအလုပ်လုပ်သလဲ၊ Gamma လှိုင်းတွေ ဘယ်လိုပြောင်းလဲသလဲဆိုတာကို ကမ္ဘာကျော်တက္ကသိုလ်အများအပြားမှ သိပ္ပံနည်းကျ ခွဲစိတ်ခန်းမှာ အတော်လေး တွင်တွင်ကျယ်ကျယ် လုပ်လာကြပါတယ်။ ဒီတရားထိုင်တဲ့ ဦးနှောက်သုတေသနပြုမှုကို မယ်ဒီဆင်၊ ဆန်ဖရန်စစ္စကို၊ ဘာကလေ၊ ပရင့်စ်တန်၊ ဟားဗတ်၊ ပဲရစ်၊ ဇူးရစ် စတဲ့ တက္ကသိုလ်အများကြီးမှာ ပြုလုပ်လာခဲ့ကြပါတယ်။။

### တက္ကသိုလ်ပြဋ္ဌာန်းစာအုပ်တွေအဖြစ် သင်ကြားပို့ချ

ဆေးပညာဂျာနယ်အတော်များများမှာရော စာအုပ်များစွာမှာပါမကျန် ဗုဒ္ဓရဲ့တရားရှုမှတ်အားထုတ်၊ ဘာဝနာပွားများမှုကို ယုတ္တိရှိစွာ၊ ယုံကြည်ထိုက်တဲ့၊ အထောက်အထားခိုင်လုံတဲ့ **“ဦးနှောက်နဲ့ အာရုံကြောစိတ်ပညာဆိုင်ရာ သိပ္ပံဘာသာရပ်အသစ်”**အဖြစ် တက္ကသိုလ်ပြဋ္ဌာန်းစာအုပ်တွေအဖြစ် သင်ကြားပို့ချနေကြပါပြီ။ ကျောင်းတွေမှာလည်း ကလေးငယ်တွေ တရားထိုင်ရပါတယ်။ စာသင်ကြားရာမှာ ဉာဏ်စူးရှထက်မြက် မှတ်မိနေတာကို ယုံကြည်လို့ လက်တွေ့အားထုတ်နေကြပါပြီ။ အလုပ်ခွင်အတော်များများမှာလည်း ထုတ်လုပ်မှုစွမ်းအားမြင့်မားစေဖို့ ရုံးရောက်တာနဲ့ တရားအရင် ထိုင်ရပါတယ်။ Google လို ကုမ္ပဏီအကြီးကြီးမှာတောင် ဝန်ထမ်းတွေ တရားထိုင်ရတယ်လို့ မျက်မြင်တွေ့ခဲ့ရတဲ့ ဆရာတော်ကြီးတစ်ပါးက ပြောပါတယ်။ ဗုဒ္ဓဘာသာကို ပြောင်းစရာမလိုပါ။ ဘယ်ဘာသာဝင်မဆို၊ ဘာသာမရှိသူတွေလည်း စိတ်ကျန်းမာရေးအတွက် တရားထိုင်လို့ရပါတယ်။

> ❀ **ဟိုးအဝေးကြီးက အနောက်နိုင်ငံတွေမှာ တရားအားထုတ်ခြင်း သတိပဋ္ဌာန်ကို နေ့စဉ်ဘဝအသုံးချနည်းနဲ့ ဆေးပညာကုထုံးအဖြစ် တရားဝင်လက်ခံကျင့်သုံးလို့နေကြပါပြီ။ အဝေးဆုံးအရပ်မှသည် ဗုဒ္ဓရဲ့တရားအားထုတ်ခြင်းဆိုတဲ့ အသိ၊ သတိနဲ့ နေ့စဉ် အနီးဆုံးရှိနေကြတဲ့သူတွေ အမှန်တကယ် ရှိနေကြပါပြီ**
>
> ❀ **ဗုဒ္ဓဘာသာအမည်ခံတွေ၊ ဗုဒ္ဓတရားတော်တွေနဲ့ အနီးဆုံးမှာရှိကြသူတွေ၊ အသံမစဲတရားမိုးတွေ ရွာသွန်းမှုတွေ၊ လက်တစ်ကမ်းမှာ အနီးဆုံးမှာ ရှိနေကြပါလျက်နဲ့ ...**

ဦးနှောက်နဲ့ အာရုံကြောဆေးသိပ္ပံပညာရှင်တွေ၊ စိတ်ပညာရှင်တွေက Mindful Awareness စိတ်ကို သတိနဲ့ကပ်စောင့်ကြည့်၊ လေ့ကျင့်ရှုမှတ်နည်းကို ဆေးပညာကုထုံးအဖြစ် လူနာတွေကို ဆေးကုပေးနေကြပါပြီ။

ဗုဒ္ဓရဲ့တရားရှုမှတ်၊ ဘာဝနာပွားခြင်းရဲ့ ကောင်းကျိုးကို ဂဃနဏလေ့ကျင့်ပြီးတဲ့ ဆေးပညာရှင်တွေ၊ သူတို့ဟာ ဟိုးအဝေးဆုံး သမုဒ္ဒရာခြား၊ မိုင်ပေါင်းကုဋေကုဋာကနေပြီး ကျွန်ုပ်တို့နဲ့ အနီးဆုံး အရှေ့တိုင်းက ဗုဒ္ဓတရားရှုမှတ်နည်းကို **“နေ့စဉ်ဘဝ၊ လက်တွေ့အသုံးချစိတ်ပညာ”** အဖြစ် အသိအမှတ်ပြုကျင့်ကြံပွားများနေကြပါပြီ။

ဝမ်းနည်းစရာကောင်းတာကတော့ Mind–fulness Therapy တရားရှုမှတ်ဆေးကုသကုထုံးမှာ **“ဗုဒ္ဓ”** ဆိုတဲ့အမည်ကို လုံးဝထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ သုတေသနစကားနဲ့ ပြောရရင်တော့ Plagarism–Copy & Taking ခိုးယူကူးချမှုလို့ခေါ်ပါတယ်။ ဒီပညာရှင်တွေကိုယ်တိုင် အရှေ့တိုင်းဗုဒ္ဓတရား အားထုတ်နည်းကို လက်တွေ့အားထုတ်ခဲ့ပြီး အထောက်အထားခိုင်လုံမှ စာအုပ်တွေရေး၊ ဆေးကုထုံးအဖြစ် အသိအမှတ်ပြုလာကြတာပါ။ တစ်ခုရှိတာက အနောက်တိုင်းက လူနာအများစုက ဘာသာမတူကြတော့ **“ဗုဒ္ဓကုထုံး”** လို့ ဗုဒ္ဓအမည်ထည့်ရင် လက်မခံမှာစိုးလို့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ တရားအားထုတ်ထားတဲ့ ဗုဒ္ဓဘာသာဆေးပညာရှင်တွေ များများစားစား၊ မားမားမတ်မတ်ပေါ်ထွက်လာရင်တော့ **“ဗုဒ္ဓဆေးနည်းဖြင့်ခေတ်သစ်ဆေးကုထုံး”** ရယ်လို့ အခိုင်အမာ မူပိုင်တောင်းဆိုခွင့်ရှိလာမှာပါ။

ဝမ်းနည်းစရာ ဒုတိယအချက်အနေနဲ့ကတော့ ဟိုးအဝေးဆုံးက ဆေးပညာရှင်၊ သိပ္ပံပညာရှင်တွေ တရားအားထုတ်ခြင်းကို ဆေးပညာ၊ စိတ်ပညာကုထုံးအဖြစ် ကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်းမှာပါ ပြဋ္ဌာန်းဘာသာရပ်အနေနဲ့ လက်တွေ့ကျင့်သုံးနေကြချိန်မှာ ဗုဒ္ဓတရားတော်တွေနဲ့ အနီးဆုံးမှာ ရှိကြတဲ့ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေက တရားအားထုတ်ခြင်းနဲ့ဝေးတဲ့၊ ပိုဝေးတဲ့နေရာကို အများစုက ရောက်နေကြသလို ဖြစ်နေတာပါပဲ။

နောက်ကြောင်းကိုပြန်ကြည့်ရရင်ဖြင့် တရားအားထုတ်ခြင်းနဲ့ ကျန်းမာရေးညီလာခံတွေကို စီးရီးလို့ခေါ်တဲ့ နောက်ဆက်တွဲညီလာခံများစွာ အကြိမ်ကြိမ်ခေါ်ယူဆွေးနွေး၊ Dialogue စကားပြော စိန်ခေါ်မှုများစွာလုပ်ခဲ့ကြတာပါ။ ၂၀၀၂ ခုနှစ်မှာ ပထမဆုံးအကြိမ် **“ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခများကုထုံးသစ်”** အမည်နဲ့ဆွေးနွေးခဲ့ကြပါတယ်။

၂၀၀၆ ခုနှစ်မှာတော့ **“စိတ်ဓာတ်ကျခြင်း၊ စိတ်ကျရောဂါနဲ့ ရောဂါပျောက်ကင်းသက်သာရေး”** ခေါင်းစဉ်နဲ့ ဆွေးနွေးကြပါတယ်။

၂၀၁၀ ပြည့်နှစ်မှာတော့ Groundbreaking လို့ခေါ်ဆိုထိုက်တဲ့ ထူးခြားတဲ့၊ ဆန်းသစ်တဲ့ စိန်ခေါ်မှုတစ်ခု စတင်နိုင်ခဲ့ပါတယ်။

တရားအားထုတ်ခြင်းနဲ့ စိတ်အစဉ်ကို ဗုဒ္ဓအမြင်မှသည် ခေတ်သစ်သိပ္ပံနဲ့ ဆေးပညာစူးစမ်းမှုတွေအဖြစ် အမြင်ချင်းဖလှယ်ကြတဲ့ ညီလာခံဖြစ်ပါတယ်။ **“တရားအားထုတ်ခြင်းနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ”** ။ တရားအားထုတ်ခြင်းနဲ့ စိတ်အစဉ်ကို ဗုဒ္ဓအမြင်၊ ဆေးသိပ္ပံပညာရှင်တွေ၊ ဦးနှောက်နဲ့ စိတ်ပညာရှင်တွေရဲ့မတူညီတဲ့ ရှုထောင့်မှ အမြင်မျိုးစုံကို စကားဝိုင်းဆွေးနွေးပွဲပုံသဏ္ဌာန်၊ ကိုယ်တွေ့အတွေ့အကြုံ ဉာဏ်ပညာရင့်ကျက်အတွေ့အကြုံကြွယ်ဝတဲ့ ဆေးပညာရှင်တွေနဲ့ အရှေ့တိုင်းတရားကို နာရီပေါင်းများစွာ အားထုတ်ခဲ့ကြပြီး ဘုန်းတော်ကြီးတွေရဲ့အမြင်ကို ဗုဒ္ဓရှုထောင့်၊ ဆေးပညာ၊ စိတ်ပညာရှုထောင့်မှ စိန်ခေါ်မှုမျိုးစုံရင်ဆိုင်ကျော်လွှားအောင်မြင်မှုရတဲ့ စကားဝိုင်းဖြစ်ပါတယ်။

ပြင်သစ်ပြည်တောင်ပိုင်း အလွန်လှပတဲ့ ကျေးလက်ဒေသလေးတစ်ခုမှာ ကျင်းပခဲ့တဲ့ ဒီညီလာခံဟာ ပထမဆုံးသော ဥရောပမှာ ဥရောပသားတွေကိုယ်တိုင် ဖိနပ်ချွတ်ပြီး ဖိနပ်မစီးဘဲ ဗုဒ္ဓတရားတော်တွေကို ဆေးပညာအမြင်နဲ့ ဖလှယ်ခဲ့ကြတာဟာ ဗုဒ္ဓရဲ့အရှိန်အဝါ ရောင်ပြန်ဟပ်တဲ့ ယဉ်ကျေးမှုတစ်ခုအဖြစ် ဝမ်းမြောက်မုဒိတာဖြစ်မိပါတယ်။

ဗုဒ္ဓရဲ့ သတိပဋ္ဌာန်တရားရှုမှတ်နည်းကိုဆေးပညာရဲ့ ပင်မရေစီးကြောင်းထဲကို ထည့်သွင်းနိုင်ခဲ့တဲ့ သမိုင်းဝင်မှတ်ကျောက်တင်သော စကားဝိုင်းဆိုရင်လည်း မမှားပါဘူး။

### ခါးခါးသီးသီးလက်ညှိုးထိုး စိန်ခေါ်ခဲ့ဖူး

ဟိုတစ်ချိန်က ဟိုးအဝေးကြီးဆီက သိပ္ပံပညာရှင်တချို့ ခါးခါးသီးသီးလက်ညှိုးထိုး စိန်ခေါ်ခဲ့ဖူးပါတယ်။ ဗုဒ္ဓတရားဟာ ဒုက္ခကိုအခြေခံတဲ့ အပျက်မြင်တရား၊ တရားအားထုတ်ခြင်းရဲ့ ဉာဏ်စဉ်အဆင့်ဆင့်ဟာ လက်တွေ့တိုင်းတာလို့မရဘူး။ ယထာဘူတမကျဘူး၊ ဘာဘူး၊ ညာဘူးနဲ့ စွပ်စွဲသလို တစ်ဖက်မှာလည်း သိပ္ပံပညာဟာ အထောက်အထား ခိုင်ခိုင်လုံလုံ၊ အချက်အလက် တိတိကျကျရှိတာမို့ သိပ္ပံနဲ့ ဗုဒ္ဓတရား ဘယ်လိုမှမလိုက်ဖက်၊ မအပ်စပ်၊ဘယ်လိုမှ သဟဇာတမဖြစ်ဘူးလို့ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြဖူးပါတယ်။

FMRI ဆိုတဲ့ နည်းပညာသစ်နဲ့ ဗုဒ္ဓရဲ့ သတိပဋ္ဌာန်တရားတော်တွေကို ထဲထဲဝင်ဝင် လက်တွေ့ကျင့်ပြီးမှ ယုံကြည်လက်ခံခဲ့ကြတဲ့ အနောက်တိုင်းဆေးသိပ္ပံပညာရှင် ဆရာဝန်ကြီးတွေရဲ့ ကျေးဇူးအလွန်ကြီးမားပါတယ်။

တရားအားထုတ်ခြင်းဟာ လူကိုကျန်းမာစေတယ်။ စိတ်ကို အသိနဲ့သတိ ကပ်ကြည့်နိုင်ခြင်းအားဖြင့် မလိုလားအပ်တဲ့အစွန်းထွက် ဒေါသ၊ လောဘတွေကို တည်တည်ငြိမ်ငြိမ် ထိန်းချုပ်နိုင်လာတယ်။ ကိုယ်ချင်းစာနာမှု၊ သည်းခံနိုင်မှု၊ လောကဓံကိုခံနိုင်မှု ရှိလာတယ်။ ပူလောင်ဒေါသထွက်နေတဲ့ စိတ်ခံစားမှုတွေ ဆိုးဆိုးရွားရွားဖြစ်မသွားအောင် မိမိစိတ်ကို မိမိကိုယ်တိုင် နိုင်နိုင်နင်းနင်း ပဲ့ကိုင်နိုင်လာတယ်။

**စာမျက်နှာ ၇ သို့** ❑

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့တက်ရောက်







နေပြည်တော် ဇွန် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ "Shaping the Future" ကမ္ဘာကြီး၏ အနာဂတ်ကို ပညာရေးဖြင့်ပုံဖော်ခြင်းဟူသောခေါင်းစဉ်ဖြင့် ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ကာဇန်မြို့၌ ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီး Sergey Kravtsov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် IT Park အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သတင်းထောက်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး IT Park အဆောက်အအုံ၌ ဖွင့်လှစ်ထားရှိသည့် ကလေးငယ်များအား ဒစ်ဂျစ်တယ် နည်းပညာ အသုံးချလက်တွေ့ လေ့ကျင့်သင်ကြား ပေးလျက်ရှိသော သင်တန်းခန်းမများသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ လှုပ်ရှားမှုများ၊ ဒစ်ဂျစ်တယ်ပညာရေးစနစ် ဆောင်ရွက်နေမှုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် "Shaping the Future" ကမ္ဘာကြီး၏အနာဂတ်ကို ပညာရေးဖြင့်ပုံဖော်ခြင်း ဟူသော ခေါင်းစဉ်ဖြင့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Vladimir Putin နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Sergey Lavrov's တို့က အွန်လိုင်းမှ အမှာစကား ပြောကြားကြသည်။

ယင်းနောက် တာတာစတန် အုပ်ချုပ်ရေးမှူးက ရုရှားနိုင်ငံ သမိုင်းကြောင်းနှင့် သင်ရိုးညွှန်းတမ်းများတွင် သမိုင်းသင်ကြားရေးအရေးပါပုံများကို လည်းကောင်း၊ ပညာရေးဝန်ကြီး Sergey Kravtsov က ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဖိုရမ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် Buryatia သမ္မတနိုင်ငံ ပညာရေးနှင့် သိပ္ပံဝန်ကြီး Pozdnyakov Valery Anatolyevich နှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရေး အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ပြီး Altai State Pedagogical တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် Road Map ကို လက်မှတ်ရေးထိုးခဲ့သည်။

ညပိုင်းတွင် ခေတ္တတည်းခိုရာ Kazan Palace ဟိုတယ် Topaz (Crystal) Hall ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသောညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသော ပညာရေးဝန်ကြီးများ၏ အလုပ်သဘော နံနက်စာသုံးဆောင်ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ကာဇန်မြို့ရှိ Adymnar Secondary School သို့ သွားရောက်လေ့လာရာ ကျောင်း၏တာဝန်ရှိသူများက ကျောင်းအဆောက်အအုံအတွင်း စာသင်ခန်းများ၊ စာကြည့်တိုက်၊ အားကစားခန်းများ၊ စုဝေးခန်းမများနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချသင်ကြားသင်ယူမှု ဆောင်ရွက်ခြင်းများကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမြို့နယ် တိုက်ကြီးမွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်/ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဇွန် ၁၃

တိုက်ကြီးမြို့နယ် တိုက်ကြီးမွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်/ ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မွေးမြူရေးလုပ်ငန်းရှင်/ ကုမ္ပဏီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုး မလုပ်ကြရန်နှင့် သတ်မှတ်ကောင်ရေပြည့်မီစွာ မွေးမြူကြရန် လိုအပ်ကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန်တွင် လုပ်ငန်းရှင် ၄၉ ဦး၊ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အနက် လုပ်ငန်းရှင် ခုနစ်ဦးသာ သတ်မှတ်အကောင်အရေအတွက် ပြည့်မီသည်ကို တွေ့ရှိရပြီး လုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်အောက်တိုဘာလအတွင်း အကောင်ရေပြည့်မီရေးကို အလေးထားကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က မွေးမြူရေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုက်ကြီးမွေးမြူရေးဇုန်ရှိ အကွက်ပေါင်း ၄၉ ကွက်တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်/ကုမ္ပဏီများ၏ တစ်ဦးချင်းစီမှ မိမိတို့လုပ်ကွက်အလိုက် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်အကောင်ရေပြည့်မီသော လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်လက်မှတ်များ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုက်ကြီး မွေးမြူရေးဇုန်အတွင်းရှိ သနပ်ချောင်းပိတ်ရေလှောင်တမံ၏ ရေပိုလွှဲရေထုတ်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ခွဲထက်ကို(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

လှည်းကူး ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို လှည်းကူးမြို့နယ် သပိတ်ကုန်းကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ လှည်းကူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑ စာမျက်နှာ ၆ မှ

စိတ်ဓာတ်ကျမှု၊ စိတ်ကျရောဂါ၊ စိတ်ပူပင်သောကပူဆွေးမှု၊ စိတ်ဂနာမငြိမ်မှု၊ စိတ်ရောဂါအဆင့်တိုင်းကို ကုသပေးနိုင်တဲ့ ဗုဒ္ဓရဲ့တရားဆေးကို ဒီကနေ့ဆေးသိပ္ပံကုထုံးအနေနဲ့ အထောက်အထား ခိုင်ခိုင်မာမာ ပြနိုင်ခဲ့ပြီးဖြစ်ပါတယ်။

East Meets The West. အရှေ့နဲ့အနောက် နှစ်ပေါင်း ၂၆၀၀ ခန့်က ဗုဒ္ဓဆေးကို ခေတ်မီနည်းပညာရပ်တွေနဲ့ တရားအားထုတ်ထားတဲ့ ဆေးသိပ္ပံပညာရှင်တွေရဲ့ မတူညီမှုများစွာထဲကနေ လူသားတွေကောင်းကျိုးအတွက် ဦးတည်တဲ့ စေတနာမှန်ရဲ့ အသီးအပွင့်ကို ခံစားကြရပါပြီ။ စိတ်ပူလောင်မှု၊ စိတ်အနာကိလေသာ အနာကြီးကို ဗုဒ္ဓဆေးနဲ့ အနောက်တိုင်းဆေးပညာပေါင်းစပ်ကုသနိုင်ပါပြီ။

ကိလေသာအနာရောဂါ လုံးဝကင်းစင်အောင် ကုသပေးနိုင်တဲ့ ဗုဒ္ဓဆေးနည်းဟာ လူတွေကို ပျော်ရွှင်တဲ့ လူသားတွေဖြစ်စေမှာ အမှန်ပဲလို့ ယုံကြည်ပါတယ်။

ဟိုးအဝေးကြီးက အနောက်နိုင်ငံတွေမှာ တရားအားထုတ်ခြင်း သတိပဋ္ဌာန်ကို နေ့စဉ်ဘဝ အသုံးချနည်းနဲ့ ဆေးပညာကုထုံးအဖြစ် တရားဝင်လက်ခံကျင့်သုံးလို့နေကြပါပြီ။

ဒါဆိုရင် အနီးဆုံးက လူတွေကရော။

ဗုဒ္ဓဘာသာအမည်ခံတွေ၊ ဗုဒ္ဓတရားတော်တွေနဲ့ အနီးဆုံးမှာရှိကြသူတွေ၊ အသံမစဲတရားမိုးတွေ ရွာသွန်းမှုတွေ၊ လက်တစ်ကမ်းမှာ အနီးဆုံးမှာ ရှိနေကြပါလျက်နဲ့ ......။

အဝေးဆုံးအရပ်မှသည် ဗုဒ္ဓရဲ့တရားအားထုတ်ခြင်းဆိုတဲ့ အသိ၊ သတိနဲ့ နေ့စဉ် အနီးဆုံးရှိနေကြတဲ့သူတွေ အမှန်တကယ်ရှိနေကြပါပြီ။

ဗုဒ္ဓတရားနဲ့ အနီးဆုံးတွင်ရှိကြကုန်သော ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေလည်း အသိ၊ သတိ တရားအားထုတ်ခြင်းနဲ့ အဝေးဆုံးသော လူသားတွေ မဖြစ်အောင် ကလေး၊ လူငယ်၊ လူကြီး အရွယ်သုံးပါးစလုံးက အခုကစ ကြိုးစားကြပါစို့လို့ ...။ ။

## လှိုင်ကော်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

လှိုင်ကော် ဇွန် ၁၃

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နည်းပြဆရာဖြစ် သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံနည်းစနစ်များနှင့် မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးကြပြီး လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယခုသင်တန်းသို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သင်တန်းနည်းပြများက မြို့နယ်ခန်းမ၌ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၃

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုးညွန့် +ဒေါ်ခင်ကြည် (ကြာညိုပန်း-မိသားစု)က ငွေကျပ် ၅၀၀၀၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) ရုံးသို့ လာရောက်ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

နေပြည်တော် ဇွန် ၁၃

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မြဝတီမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူ ၂၀၄၈ ဦးအား ဆန်အိတ် ၃၅၈ အိတ် ပေးအပ်

မြဝတီ ဇွန် ၁၃

ကရင်ပြည်နယ် မြဝတီမြို့နယ် မြို့ပေါ်ရပ်ကွက်ငါးခု အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်အိတ်များ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၏ ဦးဆောင်မှုဖြင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရွှေတင်နှင့် ရာအိမ်မှူးတို့က ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ် ၃၅၈ အိတ် (ကီလိုဂရမ် ၄၀)အား ယာယီနေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၆၂၇ စု လူဦးရေ ၂၀၄၈ ဦးအတွက် ပေးအပ်ခဲ့ခြင်းဖြစ်သည်။



ခရိုင်(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော



ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို Peace Well Myanmar Co.,ltd. အထည်ချုပ်စက်ရုံ၊ Myanmar Myanbag Co.,Ltd. အိတ်ချုပ်စက်ရုံနှင့် Great Forever Garment Co.,Ltd. အထည်ချုပ်စက်ရုံတို့တွင် ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်း ဆောင်ရွက်ရာတွင် စက်မှုဇုန်အတွင်းရှိ ကလေးအလုပ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း အကြောင်းအရာများ၊ ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့် အကြောင်းအရာတို့ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လတ်က ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ စက်ရုံရှိကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ဦးစီးအရာရှိ ဦးသန့်ဇင်က ဆွေးနွေးပြောကြားပြီး တည်ဆဲအလုပ်သမားဥပဒေများ၊ ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များ၊ အကြောင်းအရာများကို ဦးစီးအရာရှိ ဦးကြည်လင်က ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ရတနာစေတီဆင်များရှင်ဘုရားနှင့် ဆွမ်းဦးပုညရှင်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ဆွမ်းချက်ရပ် ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရား၊ သကျဓီတာသီလရှင်စာသင်တိုက်၊ မိုးညှင်းတောရကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဓမ္မသီလကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသောသာသနိကအဆောက်အအုံများအတွက် ဘိလပ်မြေအိတ် ၁၀၀ အား လှူဒါန်းခဲ့ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီ၌ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ၍ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မေးခွန်း/အဖြေလွှာများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုစဉ်ကာလအတွင်း အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးတို့အတွက် ဌာနအလိုက် ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေးတိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင်ပညာရေးမှူး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များသို့သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျစီစဉ်ဆောင်ရွက်ထားရေး၊ ကျောင်းသားကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ် ကာလအတွင်း ကျောင်းသားကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩျောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဦးပွားစေတီတော်မြတ်ကြီးနှင့် အာနန္ဒာမြတ်စွာဘုရားများသို့ သွားရောက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများကို တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊ သံဃာတော်များ ခေတ္တသီတင်းသုံးရန် ယာယီကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေများ၊ ဘုရားဝင်းအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် အခမဲ့ဆေးပေးခန်းဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျိုက်လတ်မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကျိုက်လတ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်း ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက မြို့မဈေးကြီးအတွင်း မီးလောင်ကျွမ်းမှု ဖြစ်စေတတ်သော လောင်စာဆီများနှင့် လောင်စာများ သိုလှောင်ထားခြင်းမပြုရန်၊ ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်ခြင်း ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးအသုံးပြုရန်၊ မီးလောင်မှု/မီးလန့်မှုများဖြစ်ပေါ်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံကြရန် စသည့် မီးဘေးလုံခြုံရေး သတိပြုလိုက်နာရမည့် အချက်များကို ဈေးသူဈေးသား ပြည်သူအများသိရှိစေရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လှမင်းအောင်(ပြန်/ဆက်)**



# ပြည်ပပို့ကုန် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု နှစ်ဆတိုးမြှင့်နိုင်ရေး၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေးကြိုးပမ်း

**နေပြည်တော် ဇွန် ၁၃**

ပြည်ပပို့ကုန် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု နှစ်ဆ တိုးမြှင့်နိုင်ရေး၊ အဆင့်မြင့် ကုန်ချောထုတ်လုပ် တင်ပို့နိုင်ရေး၊ ခေတ်မီနည်းပညာများကို အသုံးပြု၍ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းသော အဆင့်မြင့် ကုန်ချောများ တိုးတက်ထုတ်လုပ် တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာ့ပင်လယ်ပြင်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်း၊ ရေထွက်သယံဇာတများ ဖမ်းယူရောင်းချမှုများ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာလျက်ရှိရာ ငါး၊ ပုစွန်နှင့် ကင်းမွန်စသော ရေသတ္တဝါများ ရှားပါးမှု၊ မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်စေရေးအတွက် ဖမ်းယူရောင်းချခြင်းမှ မွေးမြူရောင်းချခြင်းသို့ ပြောင်းလဲကြရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပတင်ပို့ ရောင်းချနိုင်ရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြု၍ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြရန်လိုကြောင်း၊ ငါး၊ ပုစွန် မွေးမြူရန် လျှောက်ထားရယူထားကြသူများအနေဖြင့် အမှန်တကယ် ထိထိရောက်ရောက် မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသယံဇာတထွက်ကုန်ပစ္စည်းများ ခိုင်မာသော ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာက လက်ခံနိုင်သော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်ရေး ကြိုးပမ်းရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေး ဦးစီးဌာနပိုင် မြေနေရာကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Fresh & Green Co.,Ltd. သို့ သွားရောက်ပြီး Coldstorage (5000 MT)ရေသန့်ရေခဲ ( 90 ) MT နှင့် တန် ၂၀၀၀ ကျ ဟင်းသီးဟင်းရွက်၊ နွားနို့၊ အသား၊ ငါး အပါအဝင် ရေထွက်ကုန် သိုလှောင်ခန်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

**မော်လမြိုင် ဇွန် ၁၃**

ပြည်တွင်းအခွန်များ ဦးစီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ စားသောက်ဆိုင် ကာရာအိုကေဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ Sunshine ဟိုတယ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းပွဲတွင် မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယ်ဖိုတမက စားသောက်ဆိုင်/ ကာရာအိုကေ လုပ်ငန်းရှင်များအနေဖြင့် ပြေစာ အမှတ်တံဆိပ် အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းကို တည်ဆဲအခွန်ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက သတ်မှတ်ထားသည့် အသိပေးကြေညာချက် ဗီနိုင်းများကို မိမိတို့လုပ်ငန်း၏ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးက ရှင်းလင်းဆွေးနွေးမည့် ကိစ္စရပ်များကို မှတ်သား၍ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်လုပ်ငန်းများတွင် ပြေစာ အမှတ်တံဆိပ် အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပြေစာများ အပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

■





# တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်

**ထားဝယ် ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအခြေခံသင်တန်းကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်၍ မရသည့်အတွက် အတူတကွ လက်တွဲဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်သူများသည် ဌာနဆိုင်ရာအသီးသီးမှ သင်တန်းသား သင်တန်းသူများ ဖြစ်သည့်အတွက် မိမိတို့ဌာနအလိုက် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော ဆောင်ရွက်မှုများ၊ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံကောင်းများကို မျှဝေနိုင်ပြီး ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်စေနိုင်သောကြောင့် အကျိုးရလဒ်ကောင်းများရရှိနိုင်သည့် သင်တန်းဖြစ်ကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို မိမိတို့၏ လုပ်ငန်းနယ်ပယ်နှင့် ပေါင်းစပ်ပြီး ဌာနအကြား ပူးပေါင်းနိုင်စေရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအခြေခံသင်တန်းတွင် ဌာနဆိုင်ရာ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး)များ စိုက်ထည့်ပေး



**ဟုမ္မလင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး)များ စိုက်ထည့်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဟုမ္မလင်းမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်မိုးသူဇာမောင်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး(ဒေါင်းငါး)များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဦးစီးဌာနမှူးက ဟုမ္မလင်းမြို့ ခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်ဆွေထံသို့လည်းကောင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းလင်းက အလက(၃) ကျောင်းအုပ်ကြီးထံသို့လည်းကောင်း၊ ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်လှိုင်က အမက(၆) ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ခြင်စားငါး (ဒေါင်းငါး)များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်စားငါး (ဒေါင်းငါး)များ စိုက်ထည့်ပေးခြင်း အခမ်းအနားတွင် ခြင်စားငါး (ဒေါင်းငါး) ကောင်ရေ ၂၀၀၀ ကို ဖြန့်ဝေပေးခဲ့ပြီး ဟုမ္မလင်းမြို့နယ် လုံးဆိုင်ရာ ပရိယတ္တိစာသင်တိုက်ရှိ ရေကန်များတွင် ခြင်စားငါး (ဒေါင်းငါး) များကို တာဝန်ရှိသူများက သွားရောက်စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ ထိန်ပင်အမှိုက်ပုံနှင့် လဂွန်းပြင် ရေသန့်စင်စက်ရုံတို့ကို ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊လေးကျွန်းသူဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသို့ သွားရောက်လေ့လာကြရာ စည်ပင်မှ အမှိုက်အမျိုးအစား ခွဲခြားခြင်းနှင့် အမှိုက်ပုံအရောင် သတ်မှတ်ခြင်းများ အကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနမှူး ဦးမြင့်ဇော်သန်းက ဌာန၏လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။



**လှည့်လည်ကြည့်ရှု**

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)ရှိ လဂွန်းပြင်ရေသန့်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါရေသန့်စက်ရုံသည် ဒဂုံမြို့သစ်မြို့နယ်များ၊ သာကေတ၊ ဒေါပုံမြို့နယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ရေပေးဝေရန် တည်ဆောက်ထားခြင်းဖြစ်ပြီး တစ်ရက်လျှင် ရေဂါလန် သန်း ၄၀ သန့်စင်ပေးပို့နိုင်ကြောင်း သိရသည်။

ကိုထက်



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် တိုက်အုပ်နာယက စာချကထိက ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်) ဆရာတော်သည် မိမိ၏မွေးဖွားရာဇာတိဖြစ်သော ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင်းစဉ်ကုန်း(အမက)ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာ၊ အဖျော်ရည်၊ အလှူငွေ စသည်တို့ကို ဇွန် ၁၃ ရက်က လင်းစဉ်ကုန်း (အမက)ကျောင်း၌ လှူဒါန်းချီးမြှင့်စဉ်။ ကြေးမုံ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

# ပေါင်မြို့နယ်၌ အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် ဒုတိယဆုရသော အထကပေါင်အား ဂုဏ်ပြုချီးမြှင့်ပွဲပြုလုပ်

ပေါင် ဇွန် ၁၃

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအထက်တန်းအဆင့် ဒုတိယဆုရသော အထကပေါင်အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက အထကပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပူးတွဲမြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေးက ယခုလို ဆုရရှိအောင် ကြိုးစားပေးကြသော အထကပေါင် ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ မိဘနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ဂုဏ်ပြုပြောကြောင်း ချီးမြှင့်စကား ပြောကြားသည်။

ထို့နောက် အထကပေါင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုလွင်ဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးတင်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် ဒုတိယဆုရသော အထကပေါင်ကျောင်းအုပ်ဆရာမကြီးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# မြစ်ကြီးနားမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် (၃၀) ပြည့်အထိမ်းအမှတ် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းဦး၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင့်နိုင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများ၏ အကူအညီဖြင့် သွေးလှူဒါန်းပေးနေကြသော ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ရုံးများမှ ဝန်ထမ်း ၅၀ ကျော်အား ကြက်ဥ၊ နွားနို့၊ အာဟာရမုန့်နှင့် အားဖြည့်အချိုရည်များ လိုက်လံဝေငှပေးအပ်ခဲ့ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် မိုးညှင်း၊ မိုးကောင်းမြို့များတွင်လည်း ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒဂုံတက္ကသိုလ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး



ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေကြည်ရေသန့်များတွင် ခြင်၊ ပိုးလောက်လမ်းများ မပေါက်ပွားစေရန် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်အတွင်းရှိ အဆောင်များ၊ ကင်တင်းများနှင့် ဝန်ထမ်းအိမ်ရာများ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများနှင့် ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အဆောင်များ၊ ကင်တင်းများနှင့် ဝန်ထမ်းအိမ်ရာများအတွင်းရှိ ခြင်ပေါက်ပွားနိုင်သော ရေစည်၊ ရေအိုး၊ ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖွဲ့မင်းထက်(ပြန်/ဆက်)

# တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

ပုလော ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများကို စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းဇေရာဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးဝင်းက မိုးစပါးစိုက်ပျိုးသူ အကျိုးဆောင်တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ယခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေသည့် ပုလောမြို့ အမှတ်(၄) ရပ်ကွက် ရုပ်ပုံကျေးရွာနှင့် မကျည်းကုန်းကျေးရွာများရှိ အကျိုးဆောင်တောင်သူ ၂၇ ဦးအတွက် စံပြစိုက်ကွက် ဧက ၁၀၉ ဧကကို ဆင်းသုခမျိုးစေ့ ၁၀၉ တင်းကို အကျိုးဆောင် တောင်သူများ လက်ဝယ်အရောက်ပေးအပ်ကြကြောင်းနှင့် ယူရီးယားဓာတ်မြေဩဇာများကို စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

အေးအေးမော်(ပုလော)



# တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်မည့် သင်တန်းသားများအား အသုံးအဆောင်ပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၁၃**

တနင်္သာရီတိုင်း ဒေသကြီး အတွင်း ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်မည့်ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား အသုံး အဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော် ဟန်နှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့ စစ်မှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူ များက အမှာစကားများပြောကြား ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်း သားများအတွက် အသုံးအဆောင် ပစ္စည်းများပေးအပ်ရာ သင်တန်း သားများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ပြီး လိုအပ်သည်များ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှိ တပ်မတော်ဆေးရုံ၊ ရှမ်း ပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ရှိတပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ဆေးကု သမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်ကြည့်ရှု၍ တစ်ဦး ချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသ ပေးထားမှုနှင့်ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက် ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းများ အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက် ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့် အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တက်ရောက်လာကြသူများက ရေတပ် သင်္ဘောကျင်းဌာနချုပ်အသင်းနှင့် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများ ကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ရေတပ် သင်္ဘောကျင်းဌာနချုပ်အသင်းအား ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး နှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြု ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၂၃ ရက်မှ ယနေ့ အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်း များအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါ သည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လေယာဉ်ပျက်ကျရာနေရာသို့ အိန္ဒိယဝန်ကြီးချုပ် သွားရောက်စစ်ဆေး၊ အသက်ရှင်ကျန်ရစ်သူ ခရီးသည်အား သွားရောက်ကြည့်ရှု

နယူးဒေလီ ဇွန် ၁၃

ယမန်နေ့က အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ဖြစ်ပွားသည့် လေယာဉ်ပျက်ကျရာနေရာသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်စစ်ဆေးခဲ့ပြီး ဖြစ်စဉ်မှ အသက်ရှင်ကျန်ရစ်သူ ခရီးသည်ကို ဆေးရုံတွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဇွန် ၁၂ ရက်တွင်ဖြစ်ပွားသည့် လေယာဉ်ပျက်ကျမှုတွင် ခရီးသည် ၂၄၁ ဦး သေဆုံးခဲ့ပြီး တစ်ဦးတည်းသာ အသက်ရှင် ကျန်ရစ်ခဲ့သည်။

၎င်းအသက်ရှင် ကျန်ရစ်သူသည် အိန္ဒိယနွယ်ဖွား ဗြိတိန်နိုင်ငံသားဖြစ်ကြောင်း အဲအိန္ဒိယလေကြောင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့ရှိ ဆာဒါဗလာ ဘိုင်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဂက်ဝစ်လေဆိပ်သို့ထွက်ခွာလာသည့် အိန္ဒိယလေကြောင်းပိုင်




လေယာဉ်သည် လေဆိပ်မှပျံတက်ပြီး ကောင်းကင်အထက် ၈၂၅ ပေ အရောက်တွင် ရုတ်တရက်ထိုးကျပြီး လေဆိပ်အနီး မီဂါနာနီဂါဒေသရှိဘီဂျေဆေးကောလိပ်ကျောင်းဆောင်ပေါ်သို့ ပျက်ကျခဲ့ရာ ခရီးသည် ၂၄၁ ဦးအပါအဝင် ဆေးကျောင်းသား ငါးဦး၊ ဘွဲ့လွန်သင်တန်းသားဆရာဝန် တစ်ဦး၊ အထူးကုဆရာဝန်တစ်ဦး၏ ဇနီးတို့ သေဆုံးခဲ့ပြီး ဆေးကျောင်းသား ၆၀ ဒဏ်ရာရရှိခဲ့သည်။

ယမန်နေ့က ဖြစ်ပွားခဲ့သည့် အဲအိန္ဒိယလေကြောင်းလိုင်း လေယာဉ်ပျက်ကျမှုအား အစိုးရက စစ်ဆေးသွားမည်ဟု မြို့ပြလေကြောင်းဝန်ကြီး ရမ်မိုဟန်နာဒူက လူမှုမီဒီယာတွင် ပြောကြားသည်။ ယခုကိစ္စအား လေယာဉ်မတော်တဆမှု စုံစမ်းစစ်ဆေးရေးဗျူရိုက နိုင်ငံတကာစည်းမျဉ်းများအတိုင်း စုံစမ်းစစ်ဆေးရန်အတွက် ကျွမ်းကျင်သူများပါဝင်သည့် အဆင့်မြင့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ လေယာဉ်ဝင်ရောက်တိုက်မိခဲ့သည့် အဆောက်အအုံ ခေါင်မိုးပေါ်မှ ဘလက်ဘောက်စ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အစ္စရေးတပ်ဖွဲ့က အီရန်အား တိုက်ခိုက်

ဂျေရုဆလင် ဇွန် ၁၃

အစ္စရေးတပ်ဖွဲ့က အီရန်အား ရုတ်တရက်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကက်က ဇွန် ၁၃ရက်တွင် ပြောကြားသည်။

အစ္စရေးလေယာဉ်များသည် အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအပါအဝင် စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

အီရန်၏ နျူကလီးယားအခြေခံအဆောက်အအုံများနှင့် စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခြင်းဖြစ်ကာ လာမည့်ရက်အတန်ကြာအထိ တိုက်ခိုက်မည်ဟု ဝန်ကြီးချုပ်နေတန်ယာဟု က ပြောကြားသည်။ တီဟီရန်မြို့ရှိ အဆောက်အအုံများအား အစ္စရေးက တိုက်ခိုက်ခဲ့ရာတွင် ကလေးများနှင့် အမျိုးသမီးများသေဆုံးခဲ့ပြီး နာတက်၊ ခွန်ဒက်နှင့် ခိုရာဗတ်စီရင်စုများတွင် ပေါက်ကွဲသံများကို ကြားရသည်ဟု အီရန် အိုင်အာအိုဗီ ရုပ်မြင်သံကြားဌာနကပြောကြားသည်။ ၎င်းတိုက်ခိုက်မှု များဖြစ်ပွားပြီးနောက် အီရန်နှင့် အစ္စရေးတို့က လေကြောင်းပိုင်နက်များကို ပိတ်ခဲ့ပြီး အစ္စရေးနိုင်ငံက နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ယခုတိုက်ခိုက်မှုတွင် အမေရိကန် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုက ပြောကြားသည်။

အီရန်နိုင်ငံအနောက်ပိုင်း ဟာမီဒန်ပြည်နယ်ရှိ နိုဂျာလေတပ်အခြေစိုက်စခန်းကို ဇွန် ၁၃ ရက်က တိုက်ခိုက်ခံရကြောင်း သိရသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အာကာသတပ်ဖွဲ့တပ်မှူး အမ်မာအလီဟာဂျီဇာဒက်သည် ၎င်း၏ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အတူ အစ္စရေး၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုများအတွင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အကြီးအကဲ ဟူစိန်ဆလာမီ၊ စစ်ဦးစီးချုပ် မိုဟာမက်ဗဂါရီ၊ Khatam al-Anbiya ဗဟိုဌာနချုပ်၏ အကြီးအကဲ ဂိုလန်အလီရာရှစ်တို့ အပါအဝင် နျူကလီးယား သိပ္ပံပညာရှင်များဖြစ်သည့် Mohammad Mehdi Tehranchi နှင့် Fereydoun Abbasi တို့လည်း သေဆုံးခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေညီလာခံကတောင်းဆို

နယူးယောက် ဇွန် ၁၃

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေညီလာခံ အရေးပေါ်အစည်းအဝေးတွင် တာဝန်ရှိသူများက တောင်းဆိုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အလားတူ တောင်းဆိုချက်များကို တောင်းဆိုခဲ့ရာတွင် အမေရိကန်က ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ဂါဇာဒေသတွင် လက်ရှိဒေသခံများ ခံစားနေရသည့် လူမှုဒုက္ခများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ အရေးပေါ်အစည်းအဝေးတွင်ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံသဘာပတိ ဖိလီမန်ယန်းက ပြောကြားသည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားသည့် ဓားစာခံများကိုလွှတ်ပေးရန် အဆိုပြုချက်ကို နိုင်ငံနှင့် ဒေသ ၅၀ ခန့်က ပူးပေါင်းတင်သွင်းခြင်းဖြစ်သည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်၊ ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန်နှင့် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန် ၎င်းအဆိုပြုချက်တွင် တောင်းဆိုထားသည်။

အရပ်သားများအား အငတ်ဘေးဆိုက်ရောက်စေခြင်းကို လက်နက်အဖြစ်အသုံးပြုခြင်းကို ရှုတ်ချကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် ဂါဇာဒေသခံများထံရောက်ရှိစေရေးအတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများတွင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ အရေးပေါ်အစည်းအဝေးတွင် တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းတောင်းဆိုချက်များကို အစ္စရေးနှင့် အမေရိကန်တို့က ရှုတ်ချခဲ့သည်။

ယခုတောင်းဆိုချက်ကို ဂျပန်အပါအဝင် နိုင်ငံ ၁၄၉ နိုင်ငံက ထောက်ခံခဲ့ပြီး ၁၉ နိုင်ငံက ကြားနေမဲပေးခဲ့ကာ ၁၂ နိုင်ငံက ကန့်ကွက်မဲပေးခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# အီရန်နိုင်ငံရှိ နျူကလီးယား စက်ရုံများအား တိုက်ခိုက်ခြင်းကိုရပ်တန့်ရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ တောင်းဆို

ဗီယင်နာ ဇွန် ၁၃

အီရန်နိုင်ငံရှိ နျူကလီးယား စက်ရုံများအား အစ္စရေးက တိုက်ခိုက်နေခြင်းကို ရပ်တန့်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ဇွန် ၁၃ ရက်တွင် တောင်းဆိုခဲ့သည်။

သဘာဝ ပတ်ဝန်းကျင်နှင့် သက်ဆိုင်ရာနိုင်ငံမှ နိုင်ငံသားများအား ထိခိုက်စေသည့်အတွက် နျူကလီးယား စက်ရုံများအား တိုက်ခိုက်ခြင်း မပြုသင့်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ရာဖယ်ဂရော်ဆီက ပြောကြားသည်။ နျူကလီးယားဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခြင်းဖြင့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးတွင် အခက်အခဲများဖြစ်စေပြီး ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေခဲ့ကြောင်း ၎င်းကပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီသည် အီရန်နိုင်ငံမှ တာဝန်ရှိသူများကို ဆက်သွယ်၍ နိုင်ငံအတွင်းရှိ နျူကလီးယား အခြေခံအဆောက်အအုံများ ယခုတိုက်ခိုက်မှုကြောင့် မည်မျှထိခိုက်သည်ကို လေ့လာနေကြောင်းသိရသည်။ ယခုပဋိပက္ခတွင် ပါဝင်ပတ်သက်သည့် နိုင်ငံများအနေဖြင့် စစ်ရေးအရတိုက်ခိုက်ခြင်းကို ရှောင်ရှားပြီး သံတမန်နည်းလမ်းအရ ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တည်တံ့စေရန် ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ် တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွား

ဟနွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ် တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားသဘာဝဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာကြီးကြပ်မှုကော်မတီက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

ဒါနန်းမြို့နှင့် ကွမ်နမ်းပြည်နယ်ရှိ အိမ်ခြေ ၈၀၀ မှာ ရေလွှမ်းမိုးခဲ့ပြီး စပါးနှင့် သီးနှံစိုက်ပျိုးဧက ၅၈၀၀၀ ဟက်တာ ပျက်စီးခဲ့ကြောင်း သိရသည်။ ဟူးမြို့တွင် ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ဒါနန်းမြို့နှင့် ကွမ်ဗင်းပြည်နယ်တွင် ငါးဖမ်းလှေ ခြောက်စင်း ပျက်စီးခဲ့သည်။

တောင်တန်းဒေသ ကွမ်ထရီပြည်နယ်တွင် မြေပြိုမှုများ ဖြစ်ပွားနိုင်သဖြင့် ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်လာမှုကြောင့် နိုင်ငံအလယ်ပိုင်းဒေသများမှ ထွက်ခွာရန်ရှိသည့် လေကြောင်းခရီးများကို ရုပ်သိမ်းခဲ့ရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်-ရွာငံလမ်း ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၁၆၂၃၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shacman Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Howo Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၉၁၆၂၃၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၁ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၇၅၂၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၇၀၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် ဇွန် ၁၂ ရက်တွင် တနင်္သာရီ တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၉၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေး(၁)လမ်း တိုက်အမှတ်(၄) အခန်း(၁)၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၅၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၇ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၇၆ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၆၉၆၀၃၄၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တရားမဝင် ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၆-၂၀၂၅ စနေနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အင်္ဂုလိမာလသုတ်)(ပုဗ္ဗဏှသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၄၀ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အစီအစဉ် 'စေတနာ့အလှူ'
၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
၁၁:၁၀ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၄)
၁၃:၃၀ MRTV National News
၁၆:၄၀ ပုံပြင်ကမ္ဘာအစီအစဉ်
၁၇:၁၀ ရွှယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၅ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အစီအစဉ် 'ပိမိ၏သန့်စင်သောသွေးဖြင့် အသက်များကိုကယ်တင်ကြပါစို့'
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၁၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အစီအစဉ် The Great Wall 'သမိုင်းဝင်ယဉ်ကျေးမှု' (အပိုင်း-၃)
၂၂:၂၀ (၃၈)ဖြာမင်္ဂလာ 'ဝီရတီပါပါ'

**mitv**

07:02 Evergreen Classic: Myanma Panorama and Myanma Sentiment
07:07 Weekly Review
07:25 Human Kindness, Noble Donation
07:34 Myanmar Puppeteers
07:44 Myanmar Designer Studio:Chit Su
08:01 News
08:26 Lifestyle & Entertainment (Weekly Updates)
08:35 His Life and His Art: Naing Zaw (Guitarist)
09:01 Quiz Time (Ep-92)
10:01 News

**Me**

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ရှမ်း)
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်အပြုံးနဲ့အမုန်း'** (အပိုင်း-၂၅)
၀၇:၄၀ ဝတီရီယိုတေးများ
၀၈:၀၀ ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ 'သူနှင့်ကျွန်တော်လင်မယားတော်သည်'
၀၉:၁၀ ဝတ်စားဆင်ယင်မှု+သီချင်း
၀၉:၂၅ မြန်မာရုပ်ရှင်(ဖြူမည်း) **'အတွယ်အတာ'**

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရှင်သီဝလိခြေတော်ရာသို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
လူသားအားလုံးကျန်းမာပို့နဂါးမောက်သီးစားကြပါစို့
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း(လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ကလေးများဖုန်းကြည့်ခြင်းနှင့်ပတ်သက်ပြီး သတိပြုရမည့်အကြောင်း
**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ငါးမုန့်ခြောက်နှင့် ခရမ်းချဉ်သောစ်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ခန့်ညားရှုယဉ်မွန်တို့အသွင် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပွိုင့်ကမ်းခြေသို့ အလည်သွားကြမယ်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁၀)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံ 'ဝ' ရိုးရာဆန်ပြုတ်ချက်နည်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၉:၄၅ လူငယ်တို့အတွက် လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ Bird's Eye View
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၄၅ Football Highlights
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ထိုင်းနိုင်ငံ'**
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုဝေမယ်'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'**
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၈)

**MRTV FARMERS' HD**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ စိုက်မွေးကဏ္ဍအတွက် ရေသည်အသက် ရေသည်ရိက္ခာ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ What a Day on the Homestead ACTUALLY Looks Like
၁၈:၄၅ Thatched Living - A Nostalgic Future
၂၀:၀၀ ရေမဆေးဘာကျော်(ဇာတ်လမ်း)
၂၂:၀၀ Bat Man (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၂:၀၀ FIFA MFF U-19 Youth League (Replay) YCDC MHDT Vs FUTSAL CHIT THU
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ ခြောက်ဦး သေဆုံး

နေပြည်တော် ဇွန် ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက်လေးနှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ဘော်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၇၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့အရပ်သားပြည်သူသုံးဦးသေဆုံးပြီး အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူသုံးဦး လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူသုံးဦးအား ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်ရှိသူများက ပို့ဆောင်စဉ် ရရှိသောဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား ထောက်ခံအားပေးမှုမရှိသည့် မြို့/ရွာ/ရပ်ကွက်များအတွင်းသို့ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ မကြာခဏ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ




ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလာသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ခရီးသွားပြည်သူများ စီးနင်းလာသည့် မော်တော်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် ဇွန် ၁၃

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန်ရည်ရွယ်၍ လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာ သွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

## လိုအပ်သည့်ဆေးဝါးကုသမှုများခံယူ

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့မှ ကျိုက်ထိုမြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်း မျိုးမင်းခန့် မောင်းနှင်ပြီး ခရီးသွားပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ စီးနင်းလိုက်ပါလာသော WISH အမျိုးအစား မော်တော်ယာဉ်ကို ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား တာဝန်ရှိသူများက ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများက တပ်မတော်ယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်စဉ် အရပ်သားများ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား မိုင်းစထိမှန်ခဲ့ပြီး အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့် သတင်းထုတ်ပြန်မှုများရှိနေသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာနေသည့်လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံထောင်ခြင်း၊ အဝေးမှမိုင်းဆွဲတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ မကြာခဏပြုလုပ်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ မကြာခဏ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလာသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။









KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလာသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက် ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ဇွန် ၁၂ ရက်တွင် မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန်၊ တိုက်ကြီးမြို့၊ အဖျောက်မြို့များသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ မှော်ဘီမြို့နယ်အတွင်းရှိ ၃၃ ကေဗွီ တပ်ကြီးကုန်းဓာတ်အားခွဲရုံနှင့် အုတ်စက်ဓာတ်အားခွဲရုံတို့ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ခွဲရုံအတွင်းအပြင် သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မှော်ဘီမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်ထားမှုများ၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျဆင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြောင်းတကာစက်မှုဇုန်(၃)ဓာတ်အားခွဲရုံ၊ တိုက်ကြီးမြို့နယ်အတွင်းရှိ ဂျိုးဖြူဓာတ်အားခွဲရုံ၊ အိုင်ကလောင်ဓာတ်အားခွဲရုံ၊ အဖျောက် ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဖျောက်မြို့ လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိကာ မြို့ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ၊ ငွေလက်ခံကောင်တာများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)



# လာမည့်ရာသီ AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယှဉ်ပြိုင်ခွင့်ရမည်

ရန်ကုန် ဇွန် ၁၃

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၅-၂၀၂၆ AFC Challenge League ပြိုင်ပွဲတွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဒုတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရာသီမှစတင်ကာ အာရှဒေသတွင်းနိုင်ငံများမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲသုံးခု ပြန်လည်ကျင်းပလျက်ရှိပြီး မြန်မာကလပ်အသင်းများသည် အဆင့်သတ်မှတ်ချက် တတိယအဆင့်ရှိ AFC Challenge League ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် မြန်မာကလပ် တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရသော်လည်း ယခုရာသီတွင် နှစ်သင်း တိုးမြှင့်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အမှတ်ပေးချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ဒုတိယဆုရသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာမူ အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဖြစ် လာအိုလိဂ် ချန်ပီယံ Ezra အသင်းနှင့် ဩဂုတ် ၁၂ ရက်တွင် လာအိုနိုင်ငံ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရပါက အုပ်စုအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ယင်းပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများပါဝင်မည့် အရှေ့အာရှဇုန်တွင် အုပ်စုအဆင့်မှ ရှမ်းယူနိုက်တက်(မြန်မာ)၊ Svay Rieng(ကမ္ဘောဒီးယား)၊ ဒီဝါယူနိုက်တက် (အင်ဒိုနီးရှား)၊ AFC Champion League Two ခြေစစ်ပွဲယှဉ်ပြိုင်မည့် မနီလာဒီဂါ(ဖိလစ်ပိုင်)နှင့် ပါဆစ်(အင်ဒိုနီးရှား)ပွဲမှ အရေးနိမ့်သည့်အသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အကြိုခြေစစ်ပွဲတွင် ရန်ကုန်ယူနိုက်တက်(မြန်မာ)နှင့် Ezra(လာအို)၊ ဖနွမ်းပင်ခရောင်း(ကမ္ဘောဒီးယား)နှင့် ကာဇူကာ(ဘရူနိုင်း)၊ တရုတ်(တိုင်ပေ)ကလပ် နှစ်သင်းနှင့် မွန်ဂိုလီးယားကလပ် နှစ်သင်းပွဲတို့မှ အနိုင်ရသည့် လေးသင်းမှာ ခြေစစ်ပွဲအောင်မြင်ပြီး အုပ်စုအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲများကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲပွဲကို ဩဂုတ် ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ပြီးခဲ့သည့်ရာသီ AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။

ထွဏ်းသွေးအိမ်

### ❖ ဖလော်ရီယန်ဝှါဇ်မှ

ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။ ဖလော်ရီယန်ဝှါဇ်အနေနဲ့ ၂၀၂၁ ခုနှစ်မှစတင်ကာ ဂျာမနီနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့ရာ နိုင်ငံတကာ ပွဲစဉ်စုစုပေါင်း ၃၁ ပွဲမှာ သွင်းဂိုးခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေရှိခဲ့တာကြောင့် ဖလော်ရီယန်ဝှါဇ်ကို ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်စီးတီးအသင်းတို့အပါအဝင် ဥရောပထိပ်တန်းကလပ်အသင်းအများစုက ခေါ်ယူဖို့စိတ်ဝင်စားနေပေမယ့် ဖလော်ရီယန်ဝှါဇ်အနေနဲ့ လီဗာပူးအသင်းဆီကိုသာ ပြောင်းရွှေ့ကစားဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# ONE Friday Fights 112 ပြိုင်ပွဲတွင် စောမင်းမင်းနှင့် သွေးလင်းထက်တို့ အလဲထိုးအနိုင်ရပြီး မိုးထက်အောင် အမှတ်ဖြင့် အရေးနိမ့်

ရန်ကုန် ဇွန် ၁၃

ONE Friday Fights 112 ပြိုင်ပွဲကို ဇွန် ၁၃ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပရာ မြန်မာ ဖိုက်တာများအနက် စောမင်းမင်း အလဲထိုးအနိုင်ရပြီး မိုးထက်အောင် အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

စောမင်းမင်းသည် ဩစတြေးလျ လူငယ်ဖိုက်တာ သရီးဘရစ်ချ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ တတိယအချီ နှစ်မိနစ် ၅၃ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ONE Friday Fights ပြိုင်ပွဲတွင် ပထမဆုံး ထိုးသတ်သည့် စောမင်းမင်းသည် ပြိုင်ဘက်ကစားသမားကို လက်ရည်အသာဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ စောမင်းမင်းသည် ပွဲစကတည်းက လက်သီးချက်များဖြင့် အဓိက ထိုးသတ်ခဲ့ရာ ဩစတြေးလျဖိုက်တာ အခက်တွေ့ခဲ့ရသည်။

စောမင်းမင်းသည် သုံးချီစလုံး လက်သီးချက်များဖြင့် ပြိုင်ဘက်ကစားသမားကို အထိနာစေခဲ့ပြီး ပွဲပြီးဆုံးခါနီးတွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။



မြန်မာဖိုက်တာ စောမင်းမင်း၏ လက်သီး ဩစတြေးလျဖိုက်တာ မျက်နှာကို ထိမှန်နေစဉ်။

မိုးထက်အောင်သည် ထိုင်းဝါရင့်ဖိုက်တာ ခွန်ပွန်န္တိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မိုးထက်အောင်သည် ပထမအချီအစတွင်သာ ပြိုင်ဘက်ကစားသမားကို လက်သီးချက်များဖြင့် အထိနာစေခဲ့သော်လည်း နောက်ပိုင်းတွင် ခွန်ပွန်န္တိုင်က အတွေ့အကြုံရှိသူပီသစွာ ပွဲကိုထိန်းချုပ်ပြီး မိုးထက်အောင်၏ လက်သီးချက်များဝင်မလာစေရန် ခြေကန်ချက်များဖြင့် တားကာ ဒူးတိုက်ချက်များ အများဆုံးအသုံးပြုပြီး ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ မိုးထက်အောင်သည် နောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

## အလဲထိုးအနိုင်ရ

သွေးလင်းထက်သည် Co-Main Event အဖြစ် ထိုင်းဖိုက်တာ ကီရီပတ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ပထမအချီ တစ်မိနစ် ၄၃ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစတွင် နှစ်ဦးစလုံး အကဲစမ်း ထိုးသတ်နေသော်လည်း သွေးလင်းထက်၏ ပတ်တံတောင် ရိုက်ချက်မိကာ ကီရီပတ် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ သွေးလင်းထက်သည် ONE နှင့် ငါးပွဲထိုးသတ်ရာတွင် လေးပွဲမြောက်နှင့် နောက်ဆုံး သုံးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သွေးလင်းထက်သည် ယခုပွဲတွင် အလဲထိုးအနိုင်ရခဲ့သဖြင့် ONE CEO ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲ ရရှိခဲ့သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - ONE Championship

### ❂ MNL မှ

ဂိုးပြတ်နိုင်ပွဲနှင့်အတူ ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် နိုင်ပွဲရခဲ့သဖြင့် ယခုရာသီတွင် တစ်သင်းတည်းသော ရှုံးပွဲမရှိအသင်းအဖြစ် ဆက်လက်ရပ်တည်နေသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၊ ၅၈ မိနစ်တွင် ခွန်မြင့်ဆွေ၊ ၁၈၊ ၄၉ မိနစ်တွင် ကောင်းခန့်ဟိန်းတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို မိနစ် ၃၀ တွင် သော်ဇင်နိုင်က သွင်းယူခဲ့သည်။ ရှစ်ပွဲစီ ကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ် ရရှိထားသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အဆင့်(၅)နေရာမှ ရာမညယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် မိနစ် ၇၀ တွင် အားရွှယ် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသည်။ ရှစ်ပွဲစီကစားအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂၁ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၃ မှတ် ရရှိထားသည်။

ပွဲစဉ်(၈)နောက်ဆုံးနေ့ကို ဇွန် ၁၅ ရက်တွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒဂုံစတားယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MNL

### ❍ အာဆီယံမှ

နှစ်ဂိုးသွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ငါးမိနစ်တွင် စုစုခင်၊ ၂၁ မိနစ်တွင် မိုးပွင့်ဖြူ၊ ၂၃ မိနစ်တွင် ဒေဝီအောင်၊ ၄၁ မိနစ်တွင် ပင်မြင့်ယံ၊ ၄၅ မိနစ်တွင် ဝင်းစန္ဒာ၊ ၆၇ မိနစ်တွင် နှင်းစန္ဒာဝင်း၊ ၇၉ မိနစ်တွင် ယမင်းဖြူတို့က သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ အိမ်ရှင်ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ လက်ရှိချန်ပီယံ ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်း၊ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

# အမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၁၃

၂၀၂၅ အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ကို ဇွန် ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

ပွဲစဉ်(၁)တွင် Divine အသင်းက Winner Generations အသင်းကို သုံးဂိုး-ဂိုးမရှိ၊ YRG အသင်းက Thunder Tigersses အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်စီးတီးအသင်းက မင်္ဂလာဒုံစီးတီးအသင်းကိုရှစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက Pacific Sun Far အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၂)ကို ဇွန် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း၊ Pacific Sun Far အသင်း၊ Divine အသင်း၊ YRG အသင်း၊ မင်္ဂလာဒုံစီးတီးအသင်း၊ ရန်ကုန်စီးတီးအသင်း၊ Thunder Tigresses အသင်း၊ Winner Generations အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၉ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မောင်စံကြီး

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# စာမေးပွဲ

## သိပ္ပံမောင်ဝ

ဘာစာမေးပွဲလဲ။ ဘာစာမေးပွဲမှမဟုတ်။ စာမေးပွဲအားလုံးကို ဆိုလိုသည်။ စာမေးပွဲသည် စာမေးပွဲဝင်သူတို့၏ ရန်သူဖြစ်၏။ ရန်သူမျိုးငါးပါးရှိရာတွင် ရေနှင့်မီးတို့သည် အသက်မရှိသောရန်သူများ ဖြစ်ကြ၏။ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူတို့သည် အသက်ရှိကြသော ရန်သူများဖြစ်ကြ၏။ ဤစာမေးပွဲသည်လည်း ရေနှင့် မီးတို့ကဲ့သို့ အသက်မရှိသော ရန်သူတစ်မျိုးဖြစ်လေသည်။ သို့သော် ရေနှင့် မီးတို့သည် လူတကာနှင့်ဆိုင်၏။ စာမေးပွဲကား စာမေးပွဲဝင်သူတို့နှင့်သာ ဆိုင်လေသည်။ (ဤကား ခြားနားခြင်းပေတည်း။)

ရေ၊ မီး၊ မင်းတို့သည် မိမိတို့အားလုံးအသုံးချတတ်လျှင် လူတို့၏ အကျိုးကို ကောင်းကောင်းဆောင်တတ်၏။ တိုင်းပြည်အတွင်း အနှောင့်အယှက်မရှိ။ စိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေကြရသည်မှာ မင်း၏ကျေးဇူးဖြစ်၏။ မင်းမရှိလျှင် လူဆိုးလူမိုက်တို့၏ နိုင်ထက်ကလူပြုခြင်းကို ခံရကြမည်ကား မလွဲတည်း။ မင်းမရှိသော တိုင်းပြည်သည်မတင့်တယ်ဟု လူကြီးတို့ထားခဲ့သော စကားသည် မှန်၏။

ရေနှင့်မီးတို့သည်လည်း ထိုနည်းအတူဖြစ်၏။ မီးရထား၊ မီးသင်္ဘောတို့ကိုပင် ကြည့်ပါတော့။ မီးရထား၊ မီးသင်္ဘောတို့ကို ထားလိုက်ပါဦး။ မသုံးလျှင် ဖြစ်သေး၏။ ရေကို သုံးရက်ခန့် မည်သူမျှ သပိတ်မှောက်နိုင်မည်မဟုတ်။ တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း ရှိချင်ရှိပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့အား မစဉ်းစားပြီ။ ထိုမင်း၊ မီး၊ ရေတို့ကို မကြောက်ပြန်လျှင် မှောက်ပေလိမ့်မည်။

ဤဆိုခဲ့ပြီးသော မင်း၊ မီး၊ ရေတို့ကဲ့သို့ စာမေးပွဲတည်းဟူသော ရန်သူကြီးသည် မိမိအားအသုံးချတတ်လျှင် စာမေးပွဲဝင်သူတို့၏ကျေးဇူးကို များစွာဆောင်လေသည်။ စာမေးပွဲကို ကောင်းစွာအသုံးချတတ်သောကြောင့် မြို့အုပ်ဖြစ်သူဖြစ်၏။ ဝန်ထောက်ဖြစ်သူဖြစ်။ အရေးပိုင်၊ မင်းကြီး၊ ဘုရင်ခံတိုင်အောင် ဖြစ်သူဖြစ်။ ရှေ့နေရှေ့ရပ် ဖြစ်သူဖြစ်၏။ ကျောင်းဆရာ၊ ပရိဖက်ဆာ– ပါမောက္ခကြီးတွေဖြစ်သူဖြစ်။ ရေတွက်၍ မကုန်နိုင်သောအဖြစ်အမျိုးမျိုးဖြစ်နိုင်လေသည်။

သို့ရာတွင် စာမေးပွဲကို မကြောက်ပါက ဒုက္ခရောက်ပေလိမ့်မည်။ စာမေးပွဲသည် အလွန်ရိုင်းစိုင်းသော သားရဲကြီးနှင့်လည်းတူ၏။ ယဉ်ပါးအောင်ပြုလုပ်နိုင်မှ တော်ကာကျလေသည်။ ၎င်းအား မိတ်ဆွေဖွဲ့ရန်လည်း ခဲယဉ်း၏။ ၎င်း၏စိတ်ကို စုံစမ်းရန်လည်း မလွယ်ကူ။ တစ်ခါတစ်ခါ သဘောကောင်း၏။ တစ်ခါတစ်ခါ ခက်ထန်၏။ တစ်ခါတစ်ခါ သိမ်သိမ်မွေ့မွေ့ရှိ၏။ တစ်ခါတစ်ခါ ကြမ်းကြမ်းတမ်းတမ်းရှိ၏။ တစ်နှစ်မိတ်ဆွေဖွဲ့၍ရသော်လည်း နောက်တစ်နှစ်တွင် ရချင်မှရလေသည်။

စာမေးပွဲကို ကျောင်းသားတိုင်း၊ စာမေးပွဲဝင်သူတိုင်းကြောက်၏။ စာမေးပွဲကိုမကြောက်သော ကျောင်းသားဟူ၍ ရှိမည်မထင်။ "စာမေးပွဲ" ဆိုသော စကားကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် ထိတ်၍သွား၏။ ကြောက်၍သွား၏။ လန့်၍သွား၏။ ခေါင်းကိုက်သူကကိုက်။ စိတ်ညစ်သူကညစ်။ "စာမေးပွဲ" တည်းဟူသော သားရဲကြီးကမူကား "နင်တို့နေနှင့်ဦး။ ငါ မေးတာမရရင် စားလိုက်မည်။ ဝါးလိုက်မည်။ ရိုက်လိုက်မည်။ ထုလိုက်မည်" စသည်ဖြင့် ကြိမ်းဝါးဟန်ပြင်ကာ လည်ဆံတင်းတင်း မာန်ပြင်းပြင်းလုပ်နေ၏။

နောက်များမကြာမီ "စာမေးပွဲ"နှင့်တွေ့ဆုံရန် ဆိုင်ရာကရက်ချိန်းပေးလိုက်၏။ ထိုအမိန့်စာကိုကြားသိရသောအခါ "စာမေးပွဲ၏ တံခွန်စိုက်လာပြီတကား"ဟု စိတ်အပျက်ကြီးပျက်ပြီးလျှင် တွေဝေငေးမှိုင်၍ သွားကြ၏။ ကစားမြူးထူး ဝါသနာပါသူတို့လည်း စိတ်အိုက်၍လာ၏။ အပျင်းနှင့်မိတ်ဆွေဖွဲ့ကာ ပျော်ရွှင်စွာနေသောသူတို့ပင်လည်း ဝီရိယ ရှိ၍လာ၏။ ရည်းစားအတွက် ရတက်ပွေသူတို့ကလည်း တစ်ပူပေါ် နှစ်ပူဆင့်ပြီဟု ထင်မှတ်ကြ၏။ ကျောင်းသားအားလုံး၏ ကြည်လင်သောစိတ်တို့သည် တိမ်ဖုံးသောလမင်းကဲ့သို့ မှိန်၍သွား၏။

ညဥ့်နက် သန်းခေါင်တိုင်အောင် စာကျက်စပြုလာကြ၏။ ကစားမြူးထူးနေရင်း စာမေးပွဲအကြောင်းသတိရလျှင် စိတ်ပူ၍လာ၏။ ရေနွေးအိုးကြီး မိမိတို့၏နှလုံးအတွင်း၌ ဆူပွက်နေသည်ဟူ၍လည်း ထင်မှတ်ကြ၏။ အိပ်မပျော်မီအတွင်း စာမေးပွဲအကြောင်း တရေးရေးတွေးတောကာ အိပ်ရာထဲတွင် တကြောင်ကြောင်နေ၏။ အိပ်ပျော်သွားပါကလည်း "စာမေးပွဲနေ့တွင် ကျောင်းအရောက်နောက်ကျသောကြောင့် စာမေးပွဲအခန်းတွင်းသို့ မဝင်ရ" ဟူ၍လည်းကောင်း၊ "စာမေးပွဲအခန်းထဲတွင် မဖြေနိုင်သဖြင့် ချွေးဖြိုင်ဖြိုင်ကျသည်" ဟူ၍လည်းကောင်း အိပ်မက်မြင်မက်သဖြင့် ကြောက်လန့်စွာ အိပ်ရာမှနိုး၏။ တစ်ကိုယ်လုံး ချွေးအတိပြီးလျက်နေ၏။

ဤသို့ စာမေးပွဲကိုကြောက်သူတို့မှာ စာမကျက်သောသူတို့ လူဖျင်းလူညံ့ချည်းသာမဟုတ်။ စာကြိုးစားသူလူတော်များလည်း ပါလေသည်။ စာမကျက်ရသေးသောသူတို့က စာကျက်ရန်အချိန်များများမရတော့သဖြင့် ဝမ်းနည်း၏။ အထက်ထက်က ငါတို့စာမကျက်ခဲ့မိသည်မှာ မှား၏ဟုထင်၏။ စာကျက်ပြီးသော သူတို့ကလည်း ကျက်ပြီးသော စာများကျေအောင် ထပ်မံကျက်ရန်အချိန်ပိုမို၍ ရလျှင်ကောင်းမည်ဟု ထင်မှတ်မိ၏။ လူဖျင်းတို့က "အောင်မှအောင်ပါ့မလား" ဟုတွေး၏။ လူတော်များကမူကား "ပထမ၊ ဒုတိယမှ ရပ့ါမလား" ဟု စိုးရိမ်မကင်းဖြစ်ကြ၏။ အားလုံးအတူတူ မည်သူမျှ စိတ်အေးရသည်ဟူ၍ မရှိ။ စာမေးပွဲကမူကား မည်သူ့ကိုမျှ မထောက်ထား။ ပြုံးစိစိနှင့် စောင့်စား၍သာနေ၏။

စာမေးပွဲတည်းဟူသော ရန်သူကြီးနှင့် တွေ့ဆုံကြရမည့်သူတို့ အနက် လန့်ပြီးဖျားသူကဖျား။ စာကျက်၍ အိပ်ပျက်ဖန်များသောကြောင့် အစားပျက်၊ အစားပျက်သောကြောင့်လည်း ရောဂါရသူကရ။ ဝဝဖြိုးဖြိုး ပုဂ္ဂိုလ်တို့ပင်လျှင် ပိန်ပိန်လှီလှီဖြစ်၍လာ၏။ အညောင်းမိသဖြင့် ခါးကိုင်းသူကိုင်း။ စာဖတ်လွန်၍ မျက်စိမှုန်သူမှုန်။ နေထိုင်မကောင်းဖြစ်သူဖြစ်။ (စိတ်ညစ်စရာ၊ စိတ်ပျက်စရာ)

"စာမေးပွဲ" ကမူကား လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသောစကားကဲ့သို့ တပြုံးပြုံးနှင့်သာ ချိန်းထားသောရက်ကို စောင့်စား၍နေလေသတည်း။

ဤသို့ တစ်လကျော်ကျော် နှစ်လနီးပါးခန့် စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်းတို့ကို ခံခဲ့ရပြီးနောက် စာမေးပွဲနှင့်တွေ့ဆုံရန် နံနက်ခင်းသို့ရောက်လျှင် ဘုရားရှိခိုးသူခိုး၊ ဆုတောင်းသူတောင်း။ ကျက်မှတ်ထားသော စာတို့ကိုပြန်လှန်ကာ စဉ်းစားသူကစဉ်းစားနှင့် ရှိနေကြလေ၏။ ဤသို့ စဉ်းစားလိုက်သောအခါ၌လည်း ကြည်လင်စွာ မပေါ်။ စာတစ်မျိုးနှင့်တစ်မျိုး ရှုပ်ထွေးရောယှက်ကာ ပေါ်၍လာကြ၏။ သူအရင်လာပါရစေ။ ငါအရင်လာပါရစေဟု ရုပ်ရှင်ရုံအဝင်ဝတွင် တိုးဝှေ့နေကြသကဲ့သို့ စာတွေဉာဏ်ဝ၌ တိုးဝှေ့၍နေကြ၏။

ထို့နောက် ချိန်းထားသောအချိန်သို့ရောက်လျှင် တထိတ်ထိတ်နှင့်ပင် စာမေးပွဲအခန်းရှိရာသို့ သွားရောက်ကြရ၏။ ကြောက်သွေးမွှန်နေသောကြောင့် ရင်တစ်ခုလုံး တဆတ်ဆတ်နှင့် တုန်နေ၏။ မီးရထားခုတ်သည်ထက်ပင် ပြင်းထန်သေး၏။ ထိုအခိုက်တွင် မည်သည့်စိတ်မျှ မဝင်နိုင်။ "ဖြေနိုင်ပ့ါမလား။ ဖြေနိုင်ပ့ါမလား။ ဘယ်လိုမေးခွန်းများ ပါလိမ့်" စသော စိတ်ကူးတို့သာ ဝင်နိုင်လေသည်။ (ရည်းစားကို မလွမ်း၊ ပျော်ရွှင်မှုမလာ၊ ပျင်းမှုလည်း မပါ။)

စာမေးပွဲအခန်းထဲသို့ရောက်၍ မေးခွန်းစာရွက်များ ပေးလိုက်သောအခါ စိတ်၌မိုက်ခနဲ ဖြစ်သွားသူဖြစ်သွား။ တစ်ကိုယ်လုံးဆတ်ဆတ် တုန်သူတုန်။ ငေးပြီးကြက်သေသေနေသူ သေနေ။ လက်တုန်နေသဖြင့် စာမရေးနိုင်သူတွေကလည်း မရှား။ အားပါးတရ ဖြစ်နေသူတို့က အနည်းငယ်သာရှိချေ၏။

ထိုအခါ စာမေးပွဲတည်းဟူသော သားရဲကြီးက အချို့ကိုကန်၍ ထုတ်လိုက်၏။ အချို့ကို လက်ဝါးပြတ်ဖြင့် နှက်ကာလွှတ်လိုက်၏။ အချို့ကိုမူ ကြိမ်းမောင်း၏။ အချို့ကိုကား စကားမပြော။ ကျန်အနည်းငယ်သောသူတို့ကိုသာ "ကနေ့တော့ဖြင့်တော်ရဲ့။ နက်ဖြန်ခါသတိထား" ဟုဆို၍ လွှတ်လိုက်လေသတည်း။

ထိုအရိုက်အနှက်ခံရသောသူတို့အနက် အချို့မှာခေါင်းငုံ့၍သွား၏။ အချို့ကား စာမေးပွဲကို ဆဲရေး၍သွား၏။ အချို့မှာ အလုပ်ရှာရန် စဉ်းစား၍သွား၏။ "စာမေးပွဲ"က မျက်နှာသာပေးလိုက်သော သူတို့ကမူကား ခေါင်းထောင်၍သွားကြလေသည်။ လေထဲတွင် တိုက်အိမ်ဆောက်သူတွေကလည်း မရှား။ ရည်းစားအကြောင်းကိုပင်လျှင် စဉ်းစား နိုင်ကြသေး၏။

အထက်ပါနည်းအတိုင်း စာမေးပွဲဖြေဆိုရန် ရက်ရှိသမျှ တွေ့ကြုံကြရ၏။ "စာမေးပွဲ"ကမူကား အောင်မြင်သူနည်းပါးသည်ထက် နည်းပါးအောင် စစ်၍စစ်၍ ထုတ်လိုက်၏။ နောက်ဆုံးစာမေးပွဲ ပြီးသောနေ့တွင် စိတ်အေးလက်အေး၊ စိတ်ချလက်ချနှင့် "ငါကြံ့တိုင်းပေါက်ပြီ"ဟု ထင်မှတ်ကာ ပြန်သွားသောသူ တစ်ယောက်မျှမရှိ။ စိတ်ထဲတွင် အပူတစ်မျိုးမျိုး ရှိသူချည်းဖြစ်လေသည်။

> စာမေးပွဲတည်းဟူသော ရန်သူကြီးသည် မိမိအားအသုံးချတတ်လျှင်
> စာမေးပွဲဝင်သူတို့၏ကျေးဇူးကို များစွာဆောင်လေသည်။
> စာမေးပွဲကို ကောင်းစွာအသုံးချတတ်သောကြောင့်
> မြို့အုပ်ဖြစ်သူဖြစ်၏။ ဝန်ထောက်ဖြစ်သူဖြစ်။
> အရေးပိုင်၊ မင်းကြီး၊ ဘုရင်ခံတိုင်အောင် ဖြစ်သူဖြစ်။
> ရှေ့နေရှေ့ရပ်ဖြစ်သူဖြစ်၏။
> ကျောင်းဆရာ၊ ပရိဖက်ဆာ - ပါမောက္ခကြီးတွေဖြစ်သူဖြစ်။
> ရေတွက်၍ မကုန်နိုင်သောအဖြစ်
> အမျိုးမျိုးဖြစ်နိုင်

စာမေးပွဲပြီးစီးသောအခါ ထိုအပူတို့သည် တဖြည်းဖြည်းအေး၍ သွား၏။ သို့သော် အောင်စာရင်းများကို စိတ်ကူးမိတိုင်း စိတ်ထဲတွင် မီးတောင်ပေါက်ကွဲလေ့ရှိ၏။ စာမေးပွဲအောင်စာရင်းများ ထွက်ချိန်နီးသောအခါ တစ်လောပူကြပြန်၏။ ကြေးနန်းရိုက်မေးသူကမေး၊ စာပေးသူကပေး၊ ရှုပ်ထွေး၍နေကြ၏။ ထမင်းမစားနိုင်ဖြစ်ပြန်၏။ မအိပ်နိုင်ဖြစ်ပြန်၏။ သတင်းစာလာတိုင်း၊ စာရောက်တိုင်း လန့်၍သွား၏။ ထိတ်၍သွား၏။ ကြောက်၍သွား၏။ အောင်စာရင်းကိုလည်း သိလို၏။ သိရမှာကိုလည်းကြောက်၏။ အောင်မည်လား။ ကျမည်လား။ အောင်သော်လည်း ထင်တိုင်းပေါက်မည်လား။

စာမေးပွဲအောင်စာရင်းများ ထွက်လာသောအခါ အုတ်အုတ်ကျက်ကျက် ဆူညံ၍သွား၏။ မဖြေနိုင်ဟုထင်သူများ အောင်၍လာတတ်၏။ လက်ပမ်းပေါက်ထ၍ ခတ်ကြ၏။ ကျွမ်းထိုးသူလည်းထိုး၏။ နေမထိ ထိုင်မထိဖြစ်သူလည်းဖြစ်၏။ လက်ထဲတွင်ရှိသော ပိုက်ဆံအားလုံးကိုလည်း သုံးစွဲလိုက်ကြ၏။ လက်ဖက်ရည်ဆိုင်၊ ရုပ်ရှင်ရုံပွဲတို့ ပိုက်ဆံရကြ၏။

အောင်မည်ဟု စိတ်ချ၍နေသောသူများလည်း ကျလျက်နေတတ်၏။ ထိုအခါ လက်မှိုင်ကျ၍ သွားကြ၏။ မျက်ရည်တတွေတွေ စီးဆင်း၍ သွားကြ၏။ လောကကြီးသည် အချည်းနှီးဖြစ်၍သွား၏။ အိပ်ရာထဲဝင်ကာ လူမမာကဲ့သို့ ဖြစ်နေ၏။

စာမေးပွဲတည်းဟူသော ရန်သူဆိုးကြီးသည် စာမေးပွဲဝင်သူတို့အား ဤမျှဒုက္ခပေး၏။ သို့သော် သူမပါလည်း မပြီး။ သူပါလည်း တငြိုးငြိုး။ စင်စစ်ကား စာမေးပွဲအောင်သည်က တစ်မျိုး။ စာတတ်သည်က တခြား။ ကာလတွင် အခက်သား ဟူလို။

၁၉၃၀ ခုနှစ်၊ ဩဂုတ်၊
တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၈၁)၊ ဦးအေးချို (ZLN-၀၃၆၃၂၂) (၁၃၁၁/စက်-လယ်)အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း(၀.၀၅၅)ဧက၊ (၄၀x၆၀)ပေ မြေကွက်နှင့် နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစား လျက်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ် မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးအောင်ကြည်သန်း[၁၂/ဒဂမ(နိုင်)၀၀၀၄၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်မျိုးဇာခြည်[၁၀/သထန(နိုင်)၁၀၃၈၈၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မျိုးဇာခြည် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက် ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၂၆၁)၊ ၃၂x၃၅ကြား၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုင်းချင်[၉/မရမ(နိုင်)၀၅၈၄၂၅]က အမှုတွဲအမှတ် (၀၃၅၄/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ -၆၆ )
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၂၃

ဒေါ်စိုးစိုးသန်း နှင့် ဒေါ်သိန်းသိန်းရွှေ
**(ဒီကရီအနိုင်ရသူ)** **တရားရှုံး**

ယခင် မင်္ဂလာဒုံခရိုင် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂) ရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီး မှုအမှတ်- ၈တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ ပစ္စည်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၄၄၃/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ဆကမ-၁၅၊ မြေကွက်အမှတ်-၁၄၄၃/က မြေနှင့်အဆောက်အဦတို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။ လေလံကြမ်းခင်းဈေးကျပ်သိန်း(၂၀၀၀)၊ (ကျပ်သိန်းနှစ်ထောင်တိတိ)

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့် အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိကသတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်း အမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲ ဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ် ကိုလေလံဆွဲ ဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေ ကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိ ရမည်။

၆။ လေလံဆွဲ ဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်း ပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်း ရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ပန်းခိုင်လမ်း၊ မြေကွက်အမှတ်(၆၂၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိမြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမြေစာရင်းတွင် ဒေါ်စိန်မြင့် အမည်ပေါက်ဖြင့်ပါမစ်မူရင်း ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ် အဆောင်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပိုင်ရောင်းချသူ ဦးငြိမ်းမောင်[၉/မလန(နိုင်)၁၀၂၇၄၂]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံး လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချရန်ကမ်းလှမ်းလာမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဒေါ်စန်းစန်းဝင်း[၁၂/ဥကမ(နိုင်)၁၈၃၆၉၇]၊ ဦးဝင်းနိုင်စိုး[၈/မမန(နိုင်)၁၂၆၂၉၂]၊ ဦးအောင်ဇော်မိုး[၁၂/ဥကမ(နိုင်)၁၇၅၁၇၀]၊ ဒေါ်အေးအေးသင်း[၁၂/ဥကမ(နိုင်)၂၀၉၈၃၀] တို့မှလည်း ဝယ်ယူရန် သဘောတူညီသဖြင့် ယင်းမြေကွက်နှင့်အဆောက်အဦအား အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်း တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ဖူး (LL.B)(D.B.L) DL 101,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၆၁)**
**Ph:09-43110334, 09-680606395**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ သာဓုလမ်း E/12-6B နေ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဝင်းစန္ဒာမြင့် [၁၂/မဂတ(နိုင်) ၀၀၂၆၄၈]မှ အောက်ဖော်ပြပါအမည်ရှိ အမှတ်တံဆိပ်ဖြစ်သော




ဟူသောအမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Viberဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူ ထောက်ခံချက် ဆက်လက်လျှောက်ထားခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ဝင်းစန္ဒာမြင့်** | **ဒေါ်သီဂီစိုး (LL.B, D.B.L, D.LL, D.I.P.L, D.M.L)** |
| **[၁၂/မဂတ(နိုင်)၀၀၂၆၄၈]** | **အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)** |
| | **အမှတ်(၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊** |
| | **ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ ကျောင်းကုန်း-၂၆ရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်-S/၂၁၉၊ အကျယ်အဝန်း (၄၀' x ၆၀') မြေကွက်အနက်မှ (မြေကွက်အား မျက်နှာမူကြည့်လျှင်-ဘယ်ဘက်ခြမ်း) အကျယ်အဝန်း(၂၀'x၆၀')ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက် ဦးဝင်းလွင် အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက် ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုအောင်[၁၂/ရပသ(နိုင်)၀၄၃၉၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးလှိုင်မြင့်[၁၂/မရက(နိုင်)၁၅၆၃၅၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေခိုင်စိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၈)**
**တိုက်(၁)၊ ဒုတိယလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၄၀၆၁၃၊ ၀၉-၇၄၀၀၁၆၂၅၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တပ်ကြီးရပ်ကွက်၊ အကွက် အမှတ်- ၆၂၉၊ ဦးပိုင်အမှတ်- ၁၆၁၊ ခဲစင်းတောင်ခြမ်း/စစ်ကိုင်းမြစ်ငယ် ကားလမ်း၊ ကျောက်စိမ်းဘုရားအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ၊ အေးအေးခိုင်ကုမ္ပဏီ) [၅/စကန(နိုင်) ၀၄၉၀၂၇] က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်၊ ဖဖ-၇၊ ဦးပိုင်အမှတ်၈၆/၁၁၀x ၁၁၁လမ်းကြား၊ ၄၇x၄၈လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ခင်စန်းမြ(ခ)ဒေါ်ခင်စမ်းမြ မှ ကိတ္တိမမွေးစားစာချုပ်အမှတ် (၁၃/၁၉၈၈)ဖြင့် ဒေါ်အိအိအားမွေးစားခဲ့ပြီး၊ ဒေါ်ခင်စန်းမြ(ခ)ဒေါ်ခင်စမ်းမြ(အပျိုဘဝ) ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၅၇၅/၂၀၂၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အိအိ[၉/မရမ(နိုင်)၀၄၆၃၈၈]( ၎င်း၏ GP ရရှိသူ ဒေါ်နန်းထက်ထက်ရီ)က သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော ဂရန်စာချုပ်မိတ္တူ မှန်သည်ပျက်ပြယ်သည်။"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍သား ရေဖုံး ဂရန်စာချုပ်ထုတ်ယူခွင့် ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သာလွန်ကျော်အိမ်ခြံမြေ**
**ရောင်းဝယ်ရေး**
**ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-261119599**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၆-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံ သတင်းစာ၏ စာမျက်နှာ(၂၅)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာခင်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် တိုက်အမှတ် (၁၂၂/၁၂၄)၊ (၃)ခန်းတွဲ(၈)ထပ်တိုက် အနက်မှ ၃လွှာ(C)အစား ၇လွှာ(C) ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၇၇-၁)၊ ဦးပိုင်အမှတ်-၈/၅၆x၅၇လမ်းကြား၊ ၁၀၁x၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန္ဒာငြိမ်း [၁၃/တကန(နိုင်)၀၂၅၃၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်၊ (၄၉၂-ဆ)၊ ဦးပိုင်အမှတ်-၅၆၊ ၅၅x၅၇ကြား၊ ၂၄x၂၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နွယ်အောင် [၁၂/ဥကတ(နိုင်)၁၅၇၂၂၃] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်ဇင်လင်းထွဋ်(ဘ) ဦးမြင့်သန်း [၉/အမဇ(နိုင်)၀၃၂၇၆၃]နှင့် ဒေါ်ဆုလတ်နိုင်(ဘ)ဦးသက်နိုင်ဝင်း[၉/ခအဇ(နိုင်)၀၂၅၄၃၈] တို့သည် (၁၃-၆-၂၀၂၅)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ဆုလတ်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွှေးမွှေးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၇)**
**အမှတ်(၃၉၂)၊ မြေညီ(B)၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၁၂၇၈၉၃၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အရှေ့ပေ(၅၀) လမ်းနှင့် မာလာမြိုင် (၁)လမ်းထောင့်၊ အမှတ်(၆၃) ပထမထပ် ခေါင်းရင်းခန်း (အလျား ၁၁ ½ x အနံ ၅၀) ပေရှိ တိုက်ခန်းနှင့် မြေညီထပ်ရေစက်ခန်းတို့အား ဒေါ်မြင့်မြင့်စန်း[၁၂/တမန(နိုင်)၀၂၃၄၇၂]မှ ဒေါ်သန္တာအောင် [၁၂/လမန(နိုင်) ၁၂၉၉၃]အား အပြီးအပိုင် ရောင်းချပြီးစီးပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စန်းနှင့် ဒေါ်သန္တာအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အင်ကြင်းခိုင် (LL.B,D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၂၈၃)**
**အမှတ်(၁၈၅)၊ မြေညီထပ်၊ (၃၉)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၂၃၅၇၅၈၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊မြေဂရာက်အမှတ်(၉၁၂)၊မြေကွက်တည်နေရာအမှတ်(၉၁၂)၊မန္တလေးလမ်း၊(၃၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးဝင်းသိန်း(ISN-၅၃၉၃၁၀)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်ဦးဝင်းသိန်း(ISN-၅၃၉၃၁၀)၊(၁၂/လမန(နိုင်)၀၀၉၉၆၂)မှယင်းမြေ၏နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာခရီးသွားလာရင်းပျောက်ဆုံးသွားခဲ့ပါကြောင်း၊မြေငှားစာချုပ်(ဂရန်)မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံတင်သွင်းထားခြင်း၊ငှားရမ်းခြင်း၊အမည်လွှဲပြောင်းထားခြင်းများမရှိပါကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Global Tower၊ အမှတ်(၃၈၅/၃၈၉)၊ ပထမထပ်တွင် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်သော Successive World Services Co., Ltd. ""အောင်ကမ္ဘာ" ပြည်ပ အလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီသည် လိုင်စင်အမှတ်-067/2004-077/2025 ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ တရားဝင် ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံသို့ အလုပ်သမားများစေလွှတ်ခဲ့ပါသည်။ "အောင်ကမ္ဘာ" ကုမ္ပဏီအနေဖြင့် အထက်ဖော်ပြပါလိပ်စာတွင်သာ ရုံးခန်းဖွင့်လှစ်ထားပြီး အခြားမည်သည့်နေရာတွင်မှ ရုံးခွဲဖွင့်လှစ်ထားခြင်း မရှိသည့်အပြင် အခြားလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အခြားအဖွဲ့အစည်း တစ်ခုခုကိုမျှ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ခွင့်ပြုထားခြင်းလုံးဝမရှိပါ။ ၎င်းအပြင် မလေးရှားနိုင်ငံရှိ TKR Electronic စက်ရုံသို့ အလုပ်သမား စေလွှတ်ခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး ငွေကောက်ခံခြင်း၊ လူစေလွှတ်ပေးရန်တာဝန်ယူခြင်းကိစ္စရပ်များကို ဆောင်ရွက်ထားခြင်းမရှိကြောင်းနှင့်TKR Electronic စက်ရုံနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှကိုလည်း "အောင်ကမ္ဘာ" ကုမ္ပဏီအနေဖြင့် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ထားခြင်း အလျဉ်းမရှိခဲ့ပါ။ ယခုအခါ ကုမ္ပဏီ၏ အမည်နာမအကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေရန် ရည်ရွယ်၍ ပြုမူဆောင်ရွက် သူများရှိနေသဖြင့် ကုမ္ပဏီ၏ အကျိုးစီးပွား၊ ဂုဏ်သိက္ခာ၊ အမည်နာမတို့အား ထိခိုက်အောင် ဆောင်ရွက်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Successive World Services Co., Ltd.**
**အောင်ကမ္ဘာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီလီမိတက်**
**အမှတ်(၃၈၅/၃၈၉)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့်**
**မဟာဗန္ဓုလလမ်းထောင့်၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ်(၂-ခ)၊ မြေအကျယ်အဝန်း( ၂၀ ပေ x ၅၀ ပေ)၊ ဧရိယာ(၀.၀၂၃)ဧက (၁၀၀၀)စတုရန်းပေရှိနှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ကျန်ချင်ဖန်[၁၃/နခန(နိုင်)၀၄၄၅၀၄]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံကတိပြု၍အပြီးအပိုင် လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းငွေး(ခ)သန်းသန်းငွေး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** |
| **တရားလွှတ်တော်ရှေ့နေ** | | |
| | **ဒေါ်ပန်းသဇင်ကျော်** | **ဒေါ်သက်ထားခိုင်** |
| | **(စဉ်-၅၆၈၂၃)** | **(စဉ်-၅၆၈၇၅)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၀၈၈၆၉၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၇ (FMI အိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်– ၄၉၀၊ အကျယ်အဝန်း (၈၀ပေx ၈၀ပေ)၊ ဧရိယာ (၆၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၁၄၇)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် – Q–60၊ ကိန္နရီသစ်ခွလမ်းသွယ် (၁)၊ FMI အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ထပ်တိုက် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးသီတာဦး [၁၂/ဗတထ(နိုင်)၀၁၁၂၃၄] အမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၀၀၃၁၂၉၂**

## (၂၉–၅–၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ–၂၈ ပါ တရားလွှတ်တော်ရှေ့နေ သင်းကြူစိုး၏ ရန်ကင်းမြို့နယ် (ယခင်–သဃ်ာန်းကျွန်းမြို့နယ်) မြေတိုင်းရပ်ကွက်အမှတ် – ၇+၃၂ ကံဘဲ့၊ မြေကွက်အမှတ်– (12/B) နှင့် ဆောက်လုပ်ထားသော နေအိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း ဝယ်ယူသူနှင့် အများသိစေရန်ကြေညာခြင်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ငွေကြယ်ဖြူလမ်း၊ အမှတ်–၁၆/၉နေ ဦးကျော်နီ၊ ဦးကြည်ဝင်း၊ ဒေါ်သန်းသန်း၊ ဒေါ်စိုးထွေးထွေးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ ဝေဇယန္တာလမ်း၊ အမှတ် – 12/B ဟု ခေါ်တွင်သည့် အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ၁။ ဦးကျော်နီ၊ ၂။ ဦးကြည်ဝင်း၊ ၃။ ဒေါ်သန်းသန်း၊ ၄။ ဒေါ်စိုးထွေးထွေးအောင်တို့ (၄) ဦး အမည်ပေါက်လျက်ရှိသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ပေါ်တွင် လူကြီးမင်း ဦးဇော်ဆိုင်းမှ "ကံနီလိုက်" အမည်ဖြင့် တည်းခိုခန်းလုပ်ငန်းအား ငှားရမ်း၍ ဖွင့်လှစ်လုပ်ကိုင်ခဲ့ရာ ငှားရမ်းကာလကုန်ဆုံးသွားသော်လည်း လူကြီးမင်းမှ ဖယ်ရှားထွက်ခွာခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ ဆက်လက်နေထိုင်သည်ကို ကျွန်ုပ်မိတ်ဆွေများမှ လူမှုရေးအရ ခွင့်ပြုခဲ့ခြင်းဖြစ်သည်ကို လူကြီးမင်းသိရှိပြီးဖြစ်ပါသည်။ ထိုကဲ့သို့ လူမှုရေးအရ ခွင့်ပြုခဲ့သည်ကို လူကြီးမင်းမှ အခွင့်အရေးယူကာ ထွက်ခွာဖယ်ရှားပေးခြင်းမရှိ၍ ကျွန်ုပ်မိတ်ဆွေများမှ ပြောင်းရွှေ့ဖယ်ရှားရန်အတွက် လူကြီးမင်းတောင်းဆိုသည့် ငွေကျပ်သိန်း ၂၀၀,၀၀,၀၀၀(ကျပ်သိန်း နှစ်ရာ)တိတိကို ပေးအပ်ခဲ့ရာလူကြီးမင်းမှ (၁၃–၁– ၂၀၂၅) ရက်နေ့တွင် ငွေလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့သည်ကို လူကြီးမင်း သိရှိပြီးဖြစ်ပါသည်။ လူကြီးမင်း၏ (၁၃–၁–၂၀၂၅) ရက်စွဲပါ ငွေလက်ခံရရှိကြောင်း ကတိပြုသည့်စာတွင် ခြံအမှတ် – 12/B၊ ဝေဇယန္တာလမ်း၊ မိချောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သဃ်ာန်းကျွန်း ရောင်းချပြီးပါက ပွဲခ (၁%) နှုန်းမှ သိန်း (၂၀၀) ကို ပြန်လည်နုတ်ယူပါမည်ဖြစ်ကြောင်း ကတိပြုပါသည်ဟု ဖော်ပြဝန်ခံခဲ့သည်ကို လူကြီးမင်းသိရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေများ ရောင်းချသည့်အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်သည် လူကြီးမင်း၏ အကျိုးဆောင် ဆောင်ရွက်မှုဖြင့် ရောင်းချခဲ့ခြင်း မဟုတ်သည့်အတွက် လူကြီးမင်းတောင်းဆိုသော အကျိုးဆောင်ခ ပွဲခ (၁%) ပေးချေရန် ကျွန်ုပ်မိတ်ဆွေများတွင် တာဝန်မရှိသည့်အပြင် အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေများ ရောင်းချသောမြေကွက်၏ ပိုင်ဆိုင်မှုသည်လည်း လူကြီးမင်းနှင့်ပတ်သက်ဆက်နွယ်ခြင်းမရှိသည့်အတွက် လူကြီးမင်းအား အသိပေးရန် မလိုအပ်သည့်အပြင် လူကြီးမင်းတွင် ကန့်ကွက်တားမြစ်ပိုင်ခွင့်မရှိသည်ကို သိရှိပြီး ဖြစ်ပါလျက် မမှန်မကန်ကြေညာ၍ (၇)ရက်အတွင်း ပေးချေရန် တောင်းဆိုခြင်းသည် ခြိမ်းခြောက်တောင်းဆိုနေကြောင်း ပေါ်လွင်လျက်ရှိပါ သည်။

သို့ဖြစ်ရာ လူကြီးမင်း၏ (၃၀–၅–၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကြေညာထားသည့် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းပေးပါရန် ဤကြေညာချက်ဖြင့် ပြန်လည်ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

